မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လကွယ်နေ့၊ ၂၀၀၈ခုနှစ်၊ ဩဂုတ် ၃၀ ရက်၊ စနေနေ့၊ အတွဲ (၄၇)၊ အမှတ်(၃၃၀)

တပေါ်စ တော် မင်္ဂလ မုတ္တမ်

ငြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

ဂျပန်ကလေးမျိုးမြေပဲစိုက်ခင်းနှင့် ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း ဗိုလ်ချုပ်မင်းအောင်လှိုင်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ်၂၆ရက် နံနက်ပိုင်းက မိုင်းပန်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိ၍ ကျောင်းအဆောက်အအုံနှင့် အားကစားကွင်း တည်ဆောက်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုင်းပန်မြို့၏ ကျက်သရေဆောင် မဟာတေဇာဓိပတိ စေတီတော်အား ဖူးမြော်ကြည်ညိုကာ စေတီတော် ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းသည်။

ထောက်ပံ့ပေးအပ်

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့်အဖွဲ့သည် လင်းခေးမြို့နယ်၌ တောင်သူ ဦးစိုင်းနန္ဒာ၏ ၁၀၈ဧက စိုက်ခင်းအတွင်း စိုက်ပျိုးထားသော

စာမျက်နှာ ၇ ကော်လံ ၁ ●

မြေပဲစိုက်ခင်း ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် လင်းခေးမြို့နယ် ပုန်းထွန်ကျေးရွာအုပ်စုရှိ တောင်သူ ဦးခမ်းဆိုင်၏ ဂျပန်ကလေးမျိုး မြေပဲစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကွင်းဆင်းလေ့လာရေးသားသူ
ကျော်စိုန်

ဓာတ်ပုံမှတ်တမ်း
အောင်သန်း
(မင်္ဂလာတောင်ညွန့်)

စာမျက်နှာဖွဲ့စည်းမှု
သန်းဇော် (မြန်မာ့အလင်း)

စပါးနှင့်အခြားသီးနှံ ဧက ၁၅၀ ကို ဆည်ရေပေးဝေနိုင်မည့်အပြင် ပခုက္ကူခရိုင် စိမ်းလန်းစိုပြည်ရေး အထောက်အကူပြု ကျောက်ဆောက်ရေလှောင်တမံ မြိုင်မြို့နယ်တွင်ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၂၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် နိုင်ငံတော်စီးပွားရေး တိုးတက်စေရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်မှ လမ်းညွှန်ချက်နှင့်အညီ ရေရှားပါးသောဒေသများတွင် ရေလှောင်တမံများ၊ ရေလွှဲဆည်များကို စီမံကိန်းများ ချမှတ်ဆောင်ရွက်ခဲ့ရာ ၁၉၈၈ခုနှစ်မှ ၂၀၀၈ခုနှစ် ဩဂုတ်လအထိ ဆည်မြောင်းစီမံကိန်းပေါင်း ၂၁၄ခုကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၁ *

လယ်မြေဧက ၁၅၀ ဆည်ရေသောက် ရေပေးဝေနိုင်မည့် မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ် ကျောက်ဆောက်တောင်ရွာအနီး ကျောက်ဆောက်ချောင်းကို တမံပိတ်၍ တည်ဆောက်ထားသော ကျောက်ဆောက်ရေလှောင်တမံ၏ ရေသိုလှောင်ထားမှုမြင်ကွင်း။ (မြန်မာ့အလင်း)

30-8 (01).pmd 1 8/31/2008, 2:43 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဩဂုတ် ၃၀ ရက်)

ရှမ်းပြည်နယ် အင်းလေးကန် ရေရှည်တည်တံ့ရေး အမျိုးသားရေးတာဝန်အဖြစ် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

မြန်မာနိုင်ငံသည် ရေ၊ မြေ၊ တောတောင် သဘာဝအရင်းအမြစ်များနှင့် ပြည့်စုံကြွယ်ဝသော နိုင်ငံဖြစ်သည်။ နိုင်ငံတော်အစိုးရသည် သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိရာ၌ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ အင်းလေးကန်လည်းတစ်ခု အပါအဝင်ဖြစ်သည်။

အင်းလေးကန်သည် တောင်ပေါ်ဒေသတွင်ရှိပြီး မြန်မာနိုင်ငံ၌သာမက ကမ္ဘာ၌ပါ ထူးခြားထင်ရှားသော သဘာဝကန်ကြီးတစ်ကန်ဖြစ်သည်။

အင်းလေးကန်၏ သဘာဝရှုခင်းများ၊ သားငှက်တိရစ္ဆာန်များ ရေရှည်တည်တံ့ရေးအတွက် သစ်တောသစ်ပင် ထိန်းသိမ်းရေးလုပ်ငန်းသည် အဓိကကျလျက်ရှိသည်။

အင်းလေးကန်နှင့် မိုင်၂၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေး စီမံချက်ချမှတ်ပြီး ဆောင်ရွက်လျက်ရှိရာတွင် ဒေသခံပြည်သူတို့ကပါ အသိစိတ်ဓာတ်ရှိရှိ ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရမည် ဖြစ်သည်။

အင်းလေးကန်ပတ်ဝန်းကျင်ရှိ ရေဝေ၊ရေလဲဧရိယာတွင် သစ်တောများ ပြုန်းတီးလာသဖြင့် မိုးရေတိုက်စားကာ သဲ၊ နုန်းများကျရောက်ခြင်း၊ တောင်ယာများပြုလုပ်ခြင်းနှင့် ထင်းခုတ်ခြင်းစသည်တို့ကြောင့် ကန်ရေပြင်ထိခိုက်မှု ဖြစ်ပေါ်ခဲ့ရသည်။

အင်းလေးကန်ပတ်ဝန်းကျင်ဒေသတွင် စိုက်ပျိုးရေးခြံများ ထပ်မံတိုးချဲ့စိုက်ပျိုးခြင်းမပြုခြင်း၊ မြေစာရင်းဌာနမှ မှတ်တမ်းနှင့် ထိန်းသိမ်းထားခြင်း၊ ကန်အတွင်းရှိ ဗေဒါပင်များကို အကျိုးရှိရှိအသုံးချခြင်း၊ ဗေဒါပင်များမှ ကုန်ထုတ်ပစ္စည်းများ ထုတ်လုပ်သွားခြင်း၊ မြေဆီမြေနှစ်များ ထိန်းသိမ်းနိုင်ရေးအတွက် မြေဆီထိန်းပင်များ စိုက်ပျိုးခြင်းနှင့်သဘာဝမြေဩဇာ အသုံးပြုခြင်းတို့ကို အမျိုးသားရေးတာဝန်အဖြစ် ကြိုးပမ်းသွားကြရမည် ဖြစ်သည်။

ထို့အပြင် ရှမ်းပြည်နယ် အင်းလေးကန်ကြီးသည် ကမ္ဘာလှည့်ခရီးသွားများ အများဆုံးလာရောက် လည်ပတ်သည့် ဒေသဖြစ်၍ နိုင်ငံတော်၏ နိုင်ငံခြားငွေကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးလျက်ရှိရာ ရေရှည်အကျိုးစီးပွားကို ရှေးရှု၍ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ဒေသခံတိုင်းရင်းသား ပြည်သူများကပါ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၃၀-၈-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မျိုးချစ်တပ်မတော်
၁၂း၂၅	၄။	ကျန်းမာသုတ
၁၂း၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
၁၃း၅၀	၆။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၁၅	၄။	မြန်မာသံစဉ်ချိုနားဝင်
၄း၂၀	၅။	မျိုးချစ်တပ်မတော်
၄း၂၅	၆။	အမျိုးသားရေးတေးကဗျာ
၄း၃၅	၇။	တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၄း၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀	၉။	ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	အံ့ဩဖွယ်ရာဆပ်ကပ်ပညာ
၆း၄၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၁)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	လူရွှင်တော်ရွှေဖလား
	၂၀။	English Usage
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှင်းတောင်သူ့ရဲကောင်း** (အပိုင်း -၂၃)

ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(ရန်ကုန်) မိသားစု စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၉

ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာ ဦးစီးဌာန ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(ရန်ကုန်) မိသားစု၏ ပထမအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲကို အဆိုပါကျောင်းခန်းမဆောင်၌ ဩဂုတ်၂၂ရက် နံနက် ၉နာရီက ကျင်းပသည်။

သွေးလှူဒါန်းပွဲ

အခမ်းအနားတွင် ခေတ္တပါမောက္ခချုပ် ပါမောက္ခဒေါက်တာနိုင်ဝင်းက သွေးလှူဒါန်းပွဲ ကျင်းပရခြင်းအကြောင်းကို ပြောကြားပြီး သွေးရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာအေးအေးကြီးက အကျိုးအမြတ်မမျှော်ကိုးသော စေတနာသွေးလှူရှင်များ အရေးပါပုံနှင့် ကျေးဇူးတင်စကား ပြောကြားသည်။

ဝမ်းမြောက်စကားပြောကြား

ဆက်လက်၍ သွေးလှူရှင်များကိုယ်စား စတုတ္ထနှစ်ကျောင်းသူ မချိုဇင်ဝင်းရွှေက သွေးလှူဒါန်းမှု အတွေ့အကြုံနှင့် ဝမ်းမြောက်စကား ပြောကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ဘွဲ့ကြိုဘွဲ့လွန် ကျောင်းသားကျောင်းသူများ၊ မိသားစုဝင်များ၊ (၇၆)ကြိမ်မြောက် သွေးလှူရှင်တစ်ဦး အပါအဝင် စုစုပေါင်း၃၀ တို့၏ သွေးလှူဒါန်းမှုကို ခေတ္တပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာနိုင်ဝင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးကြပြီး **(အောက်ပုံ)** အမျိုးသားသွေးဌာနမှ ဒေါက်တာ နွယ်နွယ်ဦးနှင့်အဖွဲ့က လက်ခံယူကြသည်။

(ဆေးသိပ္ပံ ပညာဦးစီးဌာန)

မြန်မာနိုင်ငံအာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်းက ကြီးမှူး၍ ၂၀၀၈ခုနှစ်ဩဂုတ်၈ရက်တွင်ကျရောက်ခဲ့သည့် အာဆီယံတည်ထောင်ခြင်း (၄၁) နှစ်မြောက်အထိမ်းအမှတ်အဖြစ်အာဆီယံ ယဉ်ကျေးမှုကပွဲကို မြန်မာနိုင်ငံအာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယကအဖွဲ့ဝင်များ၊ အသင်းအလုပ်အမှုဆောင် ကော်မတီအဖွဲ့ဝင်များ၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများ၏ ဇနီးများ၊ မြန်မာနိုင်ငံရှိ သံရုံးများမှ သံအမတ်ကြီးများ၏ဇနီးများ၊ အသင်း အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

အာဆီယံတည်ထောင်ခြင်း (၄၁)နှစ်မြောက် အထိမ်းအမှတ် အာဆီယံယဉ်ကျေးမှုကပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၉

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်းကကြီးမှူး၍ ၂၀၀၈ခုနှစ် ဩဂုတ် ၈ရက်တွင် ကျရောက်ခဲ့သည့် အာဆီယံတည်ထောင်ခြင်း (၄၁)နှစ်မြောက်အထိမ်းအမှတ်အဖြစ် အာဆီယံယဉ်ကျေးမှုကပွဲကို ယမန်နေ့ နံနက်၁၀နာရီက ရန်ကုန်စီးတီးဟိုတယ်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါကပွဲသို့ မြန်မာနိုင်ငံ အာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယက အဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်မြင့်မြင့်စိုး၊ ဒုတိယဝန်ကြီးများ၏ ဇနီးများဖြစ်ကြသော ဒေါ်လှဲ့လှဲ့ကြည်နှင့် ဒေါက်တာဒေါ်ခင်မြဝင်း၊ အသင်းအလုပ်အမှုဆောင် ကော်မတီအဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၏ ဇနီးများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများ၏ ဇနီးများ၊ မြန်မာနိုင်ငံရှိ သံရုံးများမှ သံအမတ်ကြီးများ၏ ဇနီးများ၊ အသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နှုတ်ခွန်းဆက်စကားပြောကြား

ယင်းကပွဲတွင် မြန်မာနိုင်ငံ အာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယကအဖွဲ့ဝင်နှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နိုင်ငံတကာ ဆက်ဆံရေးဌာန ဌာနကြီးမှူး ဒေါ်မြင့်မြင့်စိုးက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဖျော်ဖြေ

ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်မှ ဆီမီးခွက်အက၊ နှစ်ပါးသွားအက၊ ယိမ်းအကနှင့် မြန်မာ့ရုပ်သေးတို့ဖြင့်လည်းကောင်း၊ အာဆီယံသံရုံးများမှ ရိုးရာယဉ်ကျေးမှုအကများနှင့် သီချင်းများဖြင့် လည်းကောင်း ဖျော်ဖြေကြပြီး အာဆီယံရိုးရာ အစားအစာ မိတ်ဆုံစားပွဲ တည်ခင်းဧည့်ခံကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပွင့်ဖြူမြို့နယ်တွင် ကျေးလက်လမ်းခင်း

ပွင့်ဖြူ ဩဂုတ် ၂၉

ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော မင်းဇံ-သမင်ခြံ-ပေတောကျေးလက်လမ်း မြေသားလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးခိုင်လွင်သန့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးမိုးကျော်တို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဩဂုတ် ၂၉

၂၀၀၈ခုနှစ် ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ (ကက)အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ညနေ ၃နာရီခွဲတွင် နေပြည်တော်ဘောလုံးကစားကွင်းနှင့် ပေါင်းလောင်းဘောလုံးကစားကွင်းတို့၌ ဆက်လက်ကျင်းပရာ နေပြည်တော်ဘောလုံးကစားကွင်း၌ အလုပ်သမားဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အလုပ်သမားဝန်ကြီးဌာနအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အနိုင်ရ

အလားတူ ပေါင်းလောင်းဘောလုံးကစားကွင်း၌ အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အမှတ်(၁)စက်မှုဝန်ကြီးဌာနအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဆက်လက်ယှဉ်ပြိုင်

ဩဂုတ် ၃၀တွင် နေပြည်တော်ဘောလုံးကစားကွင်း၌ အားကစားဝန်ကြီးဌာနအသင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်း၊ ပေါင်းလောင်းဘောလုံးကစားကွင်း၌ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအသင်းတို့သည် (ခခ)အုပ်စုပွဲစဉ်များအဖြစ် ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကောင်းသောစိတ်သည်သာလျှင် ချမ်းသာသုခကို ပေးစွမ်းနိုင်၏

လောကီ၊ လောကုတ္တရာနှစ်ဖြာသော သုခချမ်းသာမျိုးကို မိခင်သည်လည်း မပေးနိုင်၊ ဖခင်သည်လည်း မပေးနိုင်၊ ဆွေမျိုးတို့သည်လည်း မပေးနိုင်။

ကောင်းစွာစောင့်ရှောက်၊ ဆောက်တည်အပ်သော စိတ်သည်သာလျှင် မိဘ၊ ဆွေမျိုးတို့ထက် ပိုမို၍ လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ပေးစွမ်းနိုင်၏။

(ဓမ္မပဒ - ၄၄)

မြန်မာ့ရုပ်မြင်သံကြား

၃၀-၈-၂၀၀၈ရက် (စနေနေ့)
၁၃၇၀ ပြည့်နှစ် ဝါခေါင်လကွယ်နေ့ (ဥပုသ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ **သတိနဲ့ယှဉ် အသိနဲ့ပြင်** (အပိုင်း-၁) ဝါးခယ်မရဲမောင်၊ ဘုန်းလျှံ၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြည်ဦး (ဒါရိုက်တာ-မင်းအုပ်စိုး)
၇း၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈း၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၀၅ ၇။ **၂၀၀၈ ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) (အခြေခံပညာ ၁၅-၂၀နှစ်) (အမျိုးသား-အမျိုးသမီး)**
၈း၃၀ ၈။ International News
၈း၄၀ ၉။ Islands of Dhamma
၈း၅၀ ၁၀။ ဘဒ္ဒန္တတေဇနိယ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက် ရေနံချောင်းမြို့၊ မကွေးတိုင်းထံမှ နဝင်္ဂဥပေါသထ သီလခံယူဆောက်တည်ခြင်း

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၀၀ ၅။ The Race of Dragon Boats.
၁၂း၄၅ ၆။ ဆန်းကြယ်ထူးခြားပြိုင်ပွဲများ (Telematch)
၁၃း၁၅ ၇။ **တစ်ပါးသီလ** ဇော်လင်း၊ ခင်စိုးပိုင် (ဒါရိုက်တာ-မောင်နှင်းမိုး)
၁၄း၁၅ ၈။ အတီးပြိုင်ပွဲ
၁၄း၃၀ ၉။ တေးဂီတအစီအစဉ်
၁၄း၄၅၁၀။ International News

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄း၁၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၄း၃၅ ၄။ ရန်ကုန်တိုင်း၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန၊ စတုတ္ထအကြိမ်မြောက် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ(ပထမဆု) (အထက-၂၊ စမ်းချောင်း) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၅း၀၀ ၅။ မြန်မာ့ရိုးရာလက်ဖွဲ့
၅း၁၅ ၆။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၅း၄၀ ၇။ **၂၀၀၈ ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) (အခြေခံပညာ၁၀နှစ်ပြည့်မှ ၁၅နှစ်အတွင်း) (အမျိုးသား၊ အမျိုးသမီး)**
၆း၀၀ ၈။ ညနေခင်းသတင်း
၆း၃၀ ၉။ မိုးလေဝသအခြေအနေ
၆း၄၀ ၁၀။ အလှရှာမယ် လှကမ္ဘာဝယ်
၇း၀၀ ၁၁။ တန်ခိုးတော်ထင်ရှား ကျိုက္ကမီဆုတောင်းပြည့်ရေလယ်ဘုရား
၇း၁၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေမင်းသားလေးချစ်ပုံပြင်** (အပိုင်း-၂၆)
၈း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **လှူယောင်ဆောင်သော ရွှေငါးနတ်သမီးလေး** (အပိုင်း-၁၇)
၁၇။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်း တရားတော်

ပန်းအိုးအလှထိုးနည်းနှင့် ပန်းပွင့်ပန်းခိုင်များ ပြုလုပ်နည်းသင်တန်းဆင်း

ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့က ကြီးမှူးဖွင့်လှစ်သော ပန်းအိုးအလှထိုးနည်းနှင့် ပန်းပွင့် ပန်းခိုင်များ ပြုလုပ်နည်းသင်တန်းဆင်းပွဲကို ယမန်နေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ဘဏ်လမ်းရှိ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ဆုချီးမြှင့်

ရှေးဦးစွာ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ကြင်မြိုင်က သင်တန်းဆင်း အမှာစကားပြောကြားကာ ဆုရရှိသူများကို ဂုဏ်ပြုဆုများချီးမြှင့်ပြီး သင်တန်းနည်းပြဆရာအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❒ ကျောဖုံးမှ

ဆက်လက်၍ တိုင်းမှူးက သစ်တပ်ကျေးရွာအတွက် လျှပ်စစ်မီးစက်တစ်လုံးကို ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌထံ ဂုဏ်ပြုချီးမြှင့်ပြီး ပြိုင်ပွဲဝင် ကောက်စိုက်အဖွဲ့လုံမေများ၊ တောင်သူဦးကြီးများနှင့် ပါဝင်ဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံ လယ်ယာစိုက်ပျိုးထုတ်လုပ်သူများအသင်းနာယက ပြည်ထောင်စုမြန်မာနိုင်ငံ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်က လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများကို ရှင်းလင်းတင်ပြပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ် သိန်း ၂၀ကိုလည်းကောင်း၊ ခိုလုံလီရှောတိုင်းရင်းသား ဦးကျော်မြင့်က နေပြည်တော်တိုင်းစစ်ဌာနချုပ်သို့ ငွေကျပ်သိန်း ၂၀တန်ဖိုးရှိ မျိုးကောင်းမျိုးသန့်မျိုးစပါးများကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးက လက်ခံသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

အခမ်းအနားအပြီးတွင် တိုင်းမှူးသည် မော်တော်ဆိုင်ကယ်အင်ဂျင်ဖြင့် ရေစုပ်၍ ရေတင်နေမှုနှင့် ခင်းကျင်းပြသထားသည့် လယ်ယာသုံးစက်ကိရိယာပစ္စည်းများကို ကြည့်ရှုစစ်ဆေးအားပေးကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ဧရာဝတီနှင့် သံလွင်မြစ်ရေအခြေအနေ

နေပြည်တော် ဩဂုတ် ၂၉

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၁၁နာရီခွဲ တိုင်းထွာချက်အရ ဟင်္သာတမြို့တွင် ၁၃၆၇စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၅စင်တီမီတာ (၁၀ လက်မခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်ထက် အများဆုံး ၅စင်တီမီတာခန့် မြင့်တက်လာနိုင်ပြီး ဩဂုတ်၃၁ရက်မှစ၍ ပြန်လည်ကျဆင်းမည်ဟု ခန့်မှန်းထားသည်။

သံလွင်မြစ်

သံလွင်မြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၁၁ နာရီခွဲတိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၇၈စင်တီမီတာသို့ ရောက်ရှိနေပြီး၊ စိုးရိမ်ရေမှတ်အထက် ၂၈စင်တီမီတာ (တစ်ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ၇၅၀အောက်သို့ ပြန်လည်ကျဆင်းမည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် **Dragon** စီးပွားရေးလုပ်ငန်းစုတို့ ပူးပေါင်း၍ စမ်းချောင်းမြို့နယ် မြေနီကုန်းပလာဇာ အဆင့်မြင့်ကုန်စည်ပြပွဲနှင့် အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲကို ဩဂုတ်၂၉ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်၊ အနောက်ပိုင်းခရိုင် ဈေးများဌာန ဌာနခွဲမှူး ဗိုလ်ကြီးအောင်ဒင်ဦးနှင့် ဒါရိုက်တာ ဦးကျော်ဝင်းသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၁၀၃)

မြန်/ဆက်ဦးစီးဌာန စာပေလက်ထောက် -၂ ရေးဖြေ/လူတွေ့ဖြေဆိုအောင်မြင်သူများ စာရင်းထုတ်ပြန်

ရန်ကုန် ဩဂုတ် ၂၉

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ထုတ်လုပ်ဌာနခွဲတွင် လစ်လပ်လျက်ရှိသော စာပေလက်ထောက်-၂ ရာထူးနေရာများအတွက် ရေးဖြေ/လူတွေ့ စာမေးပွဲများကျင်းပခဲ့ရာ စာမေးပွဲအောင်မြင်သူ ၁၃ဦး ရှိကြောင်း ၄င်းတို့မှာ- စပ-၁ ဦးကျော်နိုင်တင့်၊ စပ-၃ ဒေါ်ခင်ချောရဲ၊ စပ-၄ ဒေါ်ခင်ရွှေဝါဖူး၊ စပ-၁၆ ဒေါ်ချိုနွယ်ဇွေးဝင်း၊ စပ-၁၈ ဦးစိုးထိုက်လှိုင်၊ စပ-၂၈ ဒေါ်ဇာခြည်လှသန်း၊ စပ-၄၂ ဦးနေလင်းဝေ၊ စပ-၆၀ ဒေါ်ရတနာမြင့်၊ စပ-၆၂ ဒေါ်ရွှေလဝါဝါ၊ စပ-၆၇ ဒေါ်သီတာဇွေး၊ စပ-၇၀ ဒေါ်သက်နန္ဒာလှိုင်၊ စပ-၇၂ ဒေါ်သဲဝါ၊ စပ-၇၅ ဦးသန့်ဇော်ထွန်းတို့ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

အဆိုပါ ရေးဖြေ/လူတွေ့ အောင်မြင်သူများသည် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အဆောက်အအုံ အမှတ်(၇) နေပြည်တော်(ရုံးချုပ်) စီမံခန့်ခွဲရေးဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူးက စက်တင်ဘာ ၃၀ရက်တွင် လာရောက်သတင်းပို့ရမည်ဖြစ်ကြောင်း၊ အသေးစိတ်သိလိုပါက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တယ်လီဖုန်းအမှတ်-၀၆၇-၄၁၂၀၂၄၊ ၀၆၇-၄၁၂၃၆၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၃၀-၈-၂၀၀၈ ရက် (စနေနေ့)

AM & PM

၇း၀၀-၁း၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅-၁း၀၅ **မဟာပရိတ္တ** တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
၇း၅၀-၁း၅၀ မြန်မာ့စပီရှုလိုင်းနား
၈း၁၀-၂း၁၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၂၅-၂း၂၅ သန့်ရှင်းလတ်ဆတ်သော ဆီသန့်မှသည် ကျန်းမာရေးဆီသို့
၉း၀၀-၃း၀၀ ပြည်တွင်းသတင်းအကျဉ်း
၉း၁၀-၃း၁၀ MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာရွှေမင်းဝန် ဦးဘုန်းမြင့်နှင့် တွေ့ဆုံခြင်း)
၉း၃၀-၃း၃၀ တေးဂီတအစီအစဉ်
၉း၃၅-၃း၃၅ **သာယာရွှေပြည်တို့နေပြည်** ဖြိုးငွေစိုး၊ အောင်ရဲလင်း၊ မေ့စ်၊ ဗေလုဝ၊ဇင်ဇင်ဇော်မြင့် (ဒါရိုက်တာ-ထပ်ဆင့်အကယ်ဒမီ စင်ရော်မောင်မောင်)
၁၀း၂၀-၄း၂၀ နိုင်ငံတကာ သတင်းအကျဉ်း
၁၀း၂၅-၄း၂၅ တေးဂီတအစီအစဉ်
၁၀း၃၀-၄း၃၀ စက်မှုစီးပွား ကုန်ထုတ်အား (Myanmar Marina)
၁၀း၅၅-၄း၅၅ မိုးလေဝသခန့်မှန်းချက်
၁၁း၀၀-၅း၀၀ ကလေးတို့အတွက် လက်ဆောင် (ယုန်ရုပ်နှင့် ဘဲငန်းရုပ်ကလေး ခေါက်ကြရအောင်)
၁၁း၁၅-၅း၁၅ တေးဂီတအစီအစဉ်
၁၁း၂၀-၅း၂၀ ပြည်တွင်း သတင်းအကျဉ်း
၁၁း၃၀-၅း၃၀ ရှေးမှုမပျက်ထိန်းသိမ်းဖို့ရာ မြန်မာရွှေချည်ထိုးပညာ
၁၁း၄၀-၅း၄၀ တစ်ပတ်အတွင်း အားကစားသတင်း
၁၁း၅၅-၅း၅၅ နိုင်ငံတကာသတင်းအကျဉ်း
၁၂း၀၀-၆း၀၀ Yangon Panorama (NatRay Co.,Ltd. KETTLER Showroom ဖွင့်ပွဲအခမ်းအနား)
၁၂း၁၅-၆း၁၅ တေးဂီတအစီအစဉ်
၁၂း၂၀-၆း၂၀ သွေးလွန်တုပ်ကွေးဆိုသည်မှာ (ဒေါက်တာမင်းဆွေ၊ ဒေါက်တာကျော်ဇင်ဝေ)
၁၂း၄၅-၆း၄၅ အဆာပြေစားကြမယ် သရေစာမုန့်များကွယ် (မန္တလေးခနုံထုပ်ပြုလုပ်နည်း)
၁း၀၀-၇း၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၂၅	West Ham - Blackburn	ESPN (Live)
	Everton - Portsmouth	Star Sports (Live)
၁၀း၅၅	Arsenal - Newcastle	Star Sports (Live)
၁၁း၀၀	Bolton - West Brom	ESPN (SDD)

မြန်မာ့အလင်း ၂၉-၈-၂၀၀၈

တောင်အမေရိက ရေကြောင်းဆိုင်ရာ သတင်းပဒေသာ

ကျူးဘားနှင့်ဗင်နီဇွဲလား သင်္ဘောကျင်းလုပ်ငန်း ပူးပေါင်း

ကျူးဘား ဩဂုတ် ၂၉

ကျူးဘားနိုင်ငံ ဇူလေပြည်နယ် မရာကိုင်တိုမြို့တွင် ကျူးဘားနှင့်ဗင်နီဇွဲလား နှစ်နိုင်ငံ ပူးပေါင်း၍ အက်စ်တီမာကာ သင်္ဘောကျင်းလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ယင်းသင်္ဘောကျင်းလုပ်ငန်းအနေဖြင့် ကာရစ်ဘီယံဒေသတွင်းနိုင်ငံများထက် ပိုမို၍ ဝန်ဆောင်မှု ပေးနိုင်မည်ဖြစ်ကြောင်း သမ္မတ ဟူဂိုချာဗက်ဇ်က ပြောကြားသည်။ ကျူးဘားနိုင်ငံ၏ အစီအစဉ်ဖြင့် နည်းပညာဖလှယ်ရေးလုပ်ငန်းများကို သင်ကြားလျက်ရှိသည်။

အာဂျင်တီးနားနှင့် အိန္ဒိယရေကြောင်းကုန်သွယ်မှု သဘောတူညီ

အာဂျင်တီးနားနှင့် အိန္ဒိယနှစ်နိုင်ငံအကြား ရေကြောင်းကုန်သွယ်မှုတိုးမြှင့်ဆောင်ရွက်ရန် နှစ်နိုင်ငံ ပို့ဆောင်ရေး ဝန်ကြီးများက သဘောတူညီလိုက်ကြသည်။ သဘောတူညီချက်အရ အိန္ဒိယနိုင်ငံမှ တစ်ပိုင်းလျှပ်ကူးပစ္စည်းများနှင့် အီလက်ထရွန်နစ်ထုတ်ကုန်ပစ္စည်းများကို သင်္ဘောများဖြင့် တင်ပို့ပေးမည်ဖြစ်ကြောင်း သိရသည်။

ဘရာဇီးနှင့်အင်ဂိုလာ ရေကြောင်းကုန်သွယ်ရေး တိုးမြှင့်

ဘရာဆီးလီးယား ဩဂုတ် ၂၉

ဘရာဇီးနှင့် အင်ဂိုလာနှစ်နိုင်ငံအကြား ယခုနှစ်အတွင်း ကုန်သွယ်ရေးလုပ်ငန်းများပိုမိုလုပ်ဆောင်လျက်ရှိသည်။ ထို့အတွက်အီတလီသင်္ဘောကုမ္ပဏီ ဂါမာလ်ဒီက နှစ်နိုင်ငံအကြား ရေကြောင်းကုန်သွယ်ရေးလုပ်ငန်း တိုးမြှင့်လုပ်ကိုင်နိုင်ရန် ကုန်တင်သင်္ဘော သုံးစင်းကို ထပ်မံဖြည့်တင်း ပြေးဆွဲမည်ဖြစ်သည်။ ယခုနှစ် ပထမငါးလအတွင်း ဘရာဇီးမှအင်ဂိုလာသို့ ကုန်ပစ္စည်းတင်ပို့မှု တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၆၀၆ သန်းရှိကြောင်း ဘရာဇီးကုန်သွယ်ရေးဝန်ကြီး ဌာန၏ စာရင်းဇယားများအရ သိရသည်။

ပီရူးနိုင်ငံတမ်ပါဆိပ်ကမ်း ဝန်ဆောင်မှုမြှင့်တက်

လီမာ ဩဂုတ် ၂၉

ပီရူးနိုင်ငံတမ်ပါဆိပ်ကမ်းမြို့မှ ဘရာဇီးနိုင်ငံသို့ အမေဇုန်မြစ်ဝှမ်းတစ်လျှောက် အထူးရေကြောင်းသင်္ဘောတင်လုပ်ငန်းအနေဖြင့် အထွေထွေကုန်တင်သင်္ဘော၊ ကုန်သေတ္တာတင်သင်္ဘောတို့ကို ပီရူး အမေဇုန်ရေကြောင်းလိုင်းမှတင်ပို့ရာ တမ်ပါဆိပ်ကမ်းအနေဖြင့် နေ့စဉ် အမေရိကန်ဒေါ်လာ ၂၅၀၀၀၀ခန့် ကုန်စည်ဝန်ဆောင်မှုပေးနိုင်ကြောင်း ၎င်းနိုင်ငံ ဆိပ်ကမ်းအာဏာပိုင်အဖွဲ့က ပြောကြားသည်။

ဘရာဇီး ရီယိုဒီဂျနေးရိုးမြို့ ဆိပ်ခံတံတားသစ် တည်ဆောက်မည်

ရီယိုဒီဂျနေးရိုး ဩဂုတ် ၂၉

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့ ဆိပ်ကမ်းရှိ အန်ဂါရာဒို့စ် သင်္ဘောဆိပ်ခံ တံတားတည်ဆောက်မှုကို ဂျပန်နိုင်ငံ မစ်ဆူရီ ပင်လယ်ရေကြောင်းဖွံ့ဖြိုးမှုကုမ္ပဏီမှ တည်ဆောက်ရန် သဘောတူညီလိုက်သည်။ ယင်းလုပ်ငန်းစီမံကိန်းကို ၂၀၀၉ခု မတ်လတွင် စတင်တည်ဆောက်မည်ဖြစ်၍ လုပ်ငန်းပြီးစီးပါက ရေနံတင်သင်္ဘောများ ဆိုက်ကပ်မည်ဖြစ်သည်။

ဂိုင်ယာနာမှ ဥရောပရေကြောင်းခရီးစဉ်သစ် တိုးချဲ့ပြေးဆွဲမည်

ဂျော့ဂျ်တောင်း ဩဂုတ် ၂၉

ဂိုင်ယာနာမှ ဥရောပနိုင်ငံများ ရေကြောင်းခရီးစဉ်အဖြစ် ကုန်တင်သင်္ဘောနှစ်စင်း ထပ်မံတိုးချဲ့မည်ဖြစ်သည်။ ယင်းတိုးချဲ့မှုစီမံကိန်းကို ဂိုင်ယာနာနိုင်ငံရှိ ဒီမီရာရာ သင်္ဘောကုမ္ပဏီမှ ကုန်သေတ္တာတင်သင်္ဘောနှစ်စင်းကို ဥရောပကာရစ်ဘီယံ ရေကြောင်းလိုင်းမှ ဟော်လန်နိုင်ငံနှင့် ဗြိတိန်နိုင်ငံများသို့ ထပ်မံတိုးချဲ့ပြေးဆွဲခြင်း ဖြစ်သည်။ (ကိုးကား-အင်တာနက်၊ဆင်ဟွာ)

ဂျော်ဂျီယာခွဲထွက်ဒေသနှစ်ခု လွတ်လပ်ရေး ရုရှားအသိအမှတ်ပြုရန် ဆုံးဖြတ်

ဂျီနီဗာ ဩဂုတ် ၂၉

ဂျော်ဂျီယာ ခွဲထွက်ပြည်နယ်နှစ်ခုဖြစ်သည့် အခါဇီးယားနှင့် တောင်အော်ဆက်တီးယားတို့၏ လွတ်လပ်ရေးကို အသိအမှတ် ပြုရန် ဆုံးဖြတ်ကြောင်း ရုရှားနိုင်ငံက ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းထံ အကြောင်းကြားလိုက်ပြီဟု ကုလသမဂ္ဂဆိုင်ရာ ရုရှားသံအမတ်ကြီး ဗစ်တာလီချာကင်က ဩဂုတ် ၂၆ ရက်တွင် ပြောကြားသည်။

ထုတ်ဖော်

ကုလသမဂ္ဂ သတင်းစာရှင်းလင်းပွဲတွင် ရုရှားသံအမတ်ကြီး ဗစ်တာလီချာကင်က အထက်ပါအတိုင်း ထုတ်ဖော်ပြောကြားလိုက်ခြင်းဖြစ်သည်။

ကြေညာချက်

မော်စကို၌ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ကြေညာချက်တွင် ရုရှားနိုင်ငံ၏သဘောထားကို အသေးစိတ်ရှင်းပြထားသည်ဟုလည်း သံအမတ်ကြီးချာကင်က ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ထုတ်လုပ်ရောင်းချ

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ တိုယိုတာ မော်တော်ကား အရောင်းပြခန်းကို ဩဂုတ် ၂၈ ရက်က တွေ့ရစဉ်။ (တိုယိုတာ မော်တော်ကား ထုတ်လုပ်ရေးအနေဖြင့် နှစ်စဉ်မော်တော်ကားစီးရေ ၁၀ သန်းကျော် ထုတ်လုပ်ရောင်းချလျက် ရှိကြောင်း သိရသည်။)

(အင်တာနက်ဓာတ်ပုံ)

အမေဇုန်မြစ်ဝှမ်းအတွင်း ရှေးဟောင်းမြို့များတွေ့ရှိ

အမေဇုန် ဩဂုတ် ၂၉

ဘရာဇီးနိုင်ငံ အမေဇုန်မြစ်ဝှမ်း၌ တစ်ချိန်က မြို့နှင့်ကျေးရွာများ ထူထပ်များပြားစွာ တည်ရှိခဲ့ကြောင်း သိပ္ပံဂျာနယ် တစ်စောင်က ရေးသားဖော်ပြသည်။

သုတေသနပညာရှင်များသည် အဆိုပါ တောကြီးအတွင်း အဆောက်အအုံနေရာများ၊ လမ်း၊ ခဲများစသော လူများနေထိုင်ခဲ့သည့် ခြေရာလက်ရာ အနေအထား၊ အထောက်အထားများကို တွေ့ရှိခဲ့သည်ဟုဆိုသည်။

အဆိုပါ ရှေးဟောင်း ယဉ်ကျေးမှု မြို့ဟောင်းနေရာများသည် မြို့ကြီးများအဆင့် မဟုတ်သော်လည်း မြို့ငယ်များဖြစ်နိုင်ကြောင်း၊ လွန်ခဲ့သော ၁၅ရာစုခေတ်က အဆောက်အအုံများ ဖြစ်နိုင်ကြောင်း ဖလော်ရီဒါတက္ကသိုလ်မှ ရှေးဟောင်းသုတေသနပညာရှင် ပါမောက္ခ မိုက်ဟက်ကင်ဘာဂျာက ပြောကြားသည်။

ယင်း အမေဇုန်မြစ်ဝှမ်း တောကြီးအတွင်း ရှိခဲ့သော ရှေးဟောင်းယဉ်ကျေးမှု နေရာမှာ ဧက၁၅၀ကျယ်ဝန်းပြီး မြို့ငယ်လေးများနှင့် ကျေးရွာများ တစုတဝေးတည်း တည်ရှိနေခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

(အင်တာနက်)

ခရမ်းချဉ်သီးပွဲတော်

စပိန်နိုင်ငံ ဗလင်စီယာမြို့၌ ကျင်းပလျက်ရှိသည့် ခရမ်းချဉ်သီးပွဲတော်တွင် ပါဝင်ဆင်နွှဲနေသူများအား ဩဂုတ်၂၇ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဂျမေကာနိုင်ငံ၏သမိုင်းကြောင်းဖြစ်စဉ်

သတင်းအက်ဆေး

ဂျမေကာနိုင်ငံသည် အနောက်အင်ဒီးစ်တွင် တည်ရှိသည်။ ဂီတအနုပညာနှင့် ယဉ်ကျေးမှုတို့တွင် ခိုင်မာသော ကိုယ်ပိုင်လက္ခဏာတို့ကြောင့် ဤနိုင်ငံ၏ ဩဇာ အရှိန်အဝါမှာ ကြီးမားသည်။ လူမည်းအမျိုးသားရေးဝါဒီ ဟားကတ်ဂါဗေးနှင့် ဂီတ အကျော်အမော် ဘော့မာလီတို့သည် အထင်ကရဂျမေကာ နိုင်ငံသားများ ဖြစ်သည်။

တွေ့နိုင်

အမေရိကန်၊ ကနေဒါ၊ ဗြိတိန်ရောက် ဤနိုင်ငံသားများတွင် နာမည်ကျော် ဂီတကြွယ်ဝမှုနှင့် အများအပြားကို တွေ့နိုင်သည်။ အီသီယိုးပီးယားဧကရာဇ် ဟေးဆီ ကက်ဆီကိုဘုရားအဖြစ် ကိုးကွယ်သော ဘာသာရေးဂိုဏ်းမှာ ဤနိုင်ငံမှ အစပြုသည်။

သိမ်းပိုက်

၁၄၉၄ ခုနှစ်တွင် ခရစ္စတိုဖာကိုလံဘတ်က ဂျမေကာကျွန်းကို တွေ့သည်။ ၁၅၀၉ခုနှစ်တွင် စပိန်တို့သိမ်းပိုက်သည်။ အာဖရိကကျွန်များကို ကြံစိုက်ပျိုးရေးအတွက် ဂျမေကာသို့ခေါ်ယူခိုင်းစေသည်။

၁၆၅၅ခုနှစ်တွင် ဗြိတိန်ကသိမ်းသည်။ ၁၆၇၀ပြည့်နှစ်တွင် မက်ဒရစ် စာချုပ်အရ ဗြိတိန်ကို တရားဝင်ထိုးအပ်လိုက်ရသည်။ ၁၈၃၈ခုနှစ်တွင် ကျွန်စနစ်ကို ဖျက်သိမ်းသည်။

ထူထောင်

၁၈၆၅ ခုနှစ်တွင် ပုန်ကန်မှုကို ဗြိတိသျှတို့ ရက်စက်စွာနှိမ်နင်းသည်။ ဤနိုင်ငံမှာ ဗြိတိသျှအစိုးရ တိုက်ရိုက်အုပ်ချုပ်သည့် ကိုလိုနီဖြစ်လာသည်။ ၁၈၇၀ ပြည့်နှစ်တွင် ဥရောပနှင့် ပြိုင်ဆိုင်ရာ၌ ကြံလုပ်ငန်းများ ကျဆင်းလာသည့်အတွက် ငှက်ပျောသီး စိုက်ပျိုးရေးထူထောင်သည်။

အနိုင်ရ

၁၉၃၈ ခုနှစ်တွင် ဗြိတိသျှဆန့်ကျင်ရေး စိတ်ဓာတ်နှင့် အလုပ်လက်မဲ့မှုကြောင့် အဓိကရုဏ်းများဖြစ်သည်။ နော်မန်မန်လီက ပြည်သူ့အမျိုးသားပါတီ(ပီအင်န်ပီ)ကို ထူထောင်သည်။ ၁၉၅၈ ခုနှစ်တွင် ဗြိတိသျှ ကမကထပြုသည့် အနောက် အင်ဒီးစ် ဖက်ဒရေးရှင်းအဖွဲ့ဝင်ဖြစ်လာပြီး ၁၉၆၁ ခုနှစ်တွင် နုတ်ထွက်သည်။ ၁၉၆၂ ခုနှစ်တွင် ဗြိတိသျှနေသဟာယအဖွဲ့အတွင်း လွတ်လပ်သော နိုင်ငံဖြစ်လာသည်။ ဂျမေကာလေဘာပါတီ(ဂျေအယ်လ်ပီ)မှ အက်ဇန္ဒာဘူစတာမန့် ဝန်ကြီးချုပ် တာဝန်ယူသည်။ ၁၉၈၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် ဂျေအယ်လ်ပီအနိုင်ရပြီး အက်ဒွပ်ဆီးဂါးဝန်ကြီးချုပ် ဖြစ်လာသည်။

အောင်ပွဲခံ

၁၉၈၉ ခုနှစ်တွင် ပီအင်န်ပီပါတီ ရွေးကောက်ပွဲအနိုင်ရပြီး မိုက်ကယ်မန်လီ ဝန်ကြီးချုပ် ဖြစ်လာသည်။ ၁၉၉၂ ခုနှစ်တွင် ကျန်းမာရေးကြောင့် မစ္စတာ မန်လီအနားယူသောအခါ ဂျေပက်တာဆန် ရာထူးဆက်ခံသည်။ ၁၉၉၃ ခုနှစ်တွင် ဒုတိယအကြိမ်နှင့် ၁၉၉၈ခုနှစ်တွင် တတိယအကြိမ် ပီအင်န်ပီပါတီ အနိုင်ရသည်။ ၂၀၀၂ခုနှစ် အောက်တိုဘာ ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ် ဂျေပက်တာဆန်၏ ပီအင်န်ပီပါတီအနေဖြင့် စတုတ္ထမြောက် ဆက်တိုက်အနိုင်ရသည်။ ဝန်ကြီးချုပ်အနေဖြင့် တတိယအကြိမ် ဆက်တိုက်အောင်ပွဲခံသည်။

အငြိုးအငြင်ခံရ

၂၀၀၄ခုနှစ် မတ်လတွင် ရာထူးမှ ဖယ်ခံရသည့် ဟေတီသမ္မတဟောင်း အရစ္စတီယာယီခိုလှုံလာသဖြင့် ဟေတီ အစိုးရသစ်၏ အငြိုးအငြင်ခံရသည်။

ရွေးချယ်

၂၀၀၆ခုနှစ် ဖေဖော်ဝါရီလတွင် အာဏာရ ပြည်သူ့အမျိုးသားပါတီ (ပီအင်န်ပီ) ခေါင်းဆောင်အဖြစ် ဒေသန္တရအုပ်ချုပ်ရေးရာဝန်ကြီး ပိုးရှားဆင်မဆင်အား ရွေးချယ်လိုက်သည်။ ဝန်ကြီးချုပ် ဂျေပက်တာဆန်၏ ရာထူးကို ဆက်ခံရန်ရည်ရွယ်သည်။

၂၀၀၇ခုနှစ် စက်တင်ဘာ အထွေထွေရွေးကောက်ပွဲတွင် ဂျမေကာလေဘာပါတီ အနိုင်ရသည်။ ဘရုစ်ဂိုးလ်ဒင်းဝန်ကြီးချုပ် ဖြစ်လာသည်။

နိုင်ငံတော်အကြီးအကဲမှာ ဗြိတိန်နိုင်ငံ ဒုတိယမြောက်အယ်လီဇဘက်ဘုရင်မကြီး ဖြစ်ပြီး ဘုရင်ခံချုပ်မှာ ကက်နက်ဟောလ်ဖြစ်သည်။

တိုက်ဖျက်

ဝန်ကြီးချုပ် ဘရုစ်ဂိုးလ်ဒင်းက နိုင်ငံအတွင်း ရာဇဝတ်မှုများနှင့် အဂတိ လိုက်စားမှုများကို တိုက်ဖျက်ပစ်မည်ဟု ၎င်း၏မိန့်ခွန်းတွင် အာမခံပြောကြားထားသည်။

ရှုမြင်

ဤနိုင်ငံသည် သာယာလှပသော ကျွန်းနိုင်ငံအဖြစ် လူသိများသည်။ နိုင်ငံရေးတည်ငြိမ်မှုနှင့်တကွ သကြားထွက်ရှိမှု၊ ဒန်သတ္တုထုတ်ယူနိုင်သော ဘောက်ဆိုက်သတ္တုသိုက်တို့မှာလည်း အားထားလောက်သည့် အရင်းအမြစ်များအဖြစ် ရှုမြင်ရပါကြောင်း။ ။

ကိုးကား-အင်တာနက်

တိုး-ရေးသားသည်

ကိုယ်ဝန်ဆောင်ချိန် အရေပြားရောဂါ ဖြစ်ပွားပါက လမစေ့ဘဲ ကလေးမွေးဖွားနိုင်

အင်တာနက် ကျန်းမာရေး

ခန္ဓာကိုယ် အရေပြားပေါ်တွင်ဖြစ်ပွားတတ်သော ကူးစက်ရောဂါများသည် ကိုယ်ဝန်ဆောင်စဉ်ကာလအတွင်း ဖြစ်ပွားတတ်ပါက လမစေ့ဘဲ မွေးဖွားနိုင်သည့် လက္ခဏာများဖြစ်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

ကုသမှုခံယူသင့်

အရေပြားပေါ်တွင် ဖြစ်ပွားတတ်သော ယားနာရောဂါ၊ ဝဲနှင်းခူရောဂါတို့အပြင် အခြားရောဂါများသည် ကိုယ်ဝန်ဆောင်စဉ် ကာလအတွင်းဖြစ်ပွားပါက သက်ဆိုင်ရာ ဆရာဝန်များနှင့် ကုသမှုခံယူသင့်ကြောင်း ဆွေးနွေးထားသည်။

သုတေသနပြု

ကိုယ်ဝန်ဆောင်စဉ် ကာလအတွင်း အရေပြားပေါ်တွင် ယားနာပေါက်သော မိန်းကလေးများကို သုတေသနပြုကြည့်သည့်အခါ ၁၂ ရာခိုင်နှုန်းမှာ လမစေ့ခင် မွေးဖွားသည့် အမျိုးသမီးများဖြစ်ကြောင်း သိရသည်။ ကိုယ်ဝန်ဆောင်စဉ် ကာလတွင် အရေပြားရောဂါများ ဖြစ်ပွားလာပါက သက်ဆိုင်ရာ သားဖွားအထူးကု ဆရာဝန်များနှင့်ကြိုတင်ပြသကုသသင့်ကြောင်း အမေရိကန်သုတေသနပညာရှင်များက သတိပေးထားသည်။

သူတို့ အတွေးနှင့်အမြင်

* ***Do as I say, and not as I do.***

ငါပြောသလိုလုပ်၊ ငါလုပ်သလိုမလုပ်နဲ့။

ဂျီအိုဗန်နီဘိုကာစီယို (အီတလီလူမျိုးစာရေးဆရာ)

---

* ***Life appears to me too short to be spent in nursing animosity or registering wrong.***

အမုန်တရားကို ပွားများရန်နှင့် အမှားများကို ကျူးလွန်ရန်အတွက် ကျွန်ုပ်ဘဝ၏ အချိန်များမှာ တိုတောင်းလှသည်ဟု ထင်ရသည်။

ဆာဂျွန်ဘိုရင်း (အင်္ဂလိပ်လူမျိုးနိုင်ငံရေးသမား)

နည်းပညာပြပွဲ

စင်ကာပူနိုင်ငံတွင် ကျင်းပလျက်ရှိသည့် ဆက်သွယ်ရေး နည်းပညာနှင့် စားသောက်ကုန်ထုတ်လုပ်ရေး နည်းပညာပြပွဲရှိ ဆိုင်များအတွင်း ထုတ်ကုန်ပစ္စည်းသစ်များအား လာရောက် ကြည့်ရှုသူများဖြင့် စည်ကားလျက် ရှိသည်ကို ဩဂုတ်၂၈ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ဘဝအမောပြေ

ပုံသဏ္ဍာန်က ....

မျက်စိဆရာဝန်တစ်ဦးထံသို့ ပြသကုသမှုခံယူရန် ဝေဒနာရှင်တစ်ဦးရောက်ရှိလာခဲ့သည်။

လူနာ ။ ။ ဒေါက်တာ…ကျွန်တော် ဘာကိုမှသဲသဲကွဲကွဲမမြင်ရဘူး ဖြစ်နေတယ်။

ဆရာဝန် ။ ။ ကျွန်တော်စစ်ဆေးကြည့်ပါ့မယ်။

ဆရာဝန်က စမ်းသပ်စစ်ဆေးပြီးနောက်…

ခွဲစိတ်စရာမလိုပါဘူး၊ မျက်မှန် လုပ်ရင်ရပါတယ်။

လူနာ ။ ။ ဟုတ်လား…ဝမ်းသာလိုက်တာ၊ မျက်မှန်လုပ်ပါ့မယ်။

ဆရာဝန် ။ ။ ခင်ဗျားအတွက် ဒီမျက်မှန်ဆိုရင် သဲသဲကွဲကွဲမြင်ရမှာပါ။

လူနာ ။ ။ ဟုတ်ကဲ့။

ထိုအချိန်တွင် ဆရာဝန်၏ဇနီးဖြစ်သူ လာနေသဖြင့်…

ဆရာဝန် ။ ။ ခင်ဗျား… ဒီမျက်မှန်တပ်ပြီး အခုလာနေသူရဲ့ ပုံသဏ္ဍာန်အသေးစိတ်ကို ပြောပြစမ်းပါ။

လူနာ ။ ။ ဩော်… အဲဒါ ကျွန်တော့် ချစ်သူဟောင်းပါ။

ဆရာဝန် ။ ။ "ဗျာ"

သစ်တောသစ်ပင် ချစ်ခင်မြတ်နိုး

သစ်တောပြုန်းတီးခြင်း (deforestation) ဟူသည် သစ်တောဖုံးလွှမ်းရာဒေသများ (forested areas)အဖြစ် တည်ရှိခဲ့ရာမှ သစ်တောကင်းမဲ့သော ဒေသများအဖြစ်သို့ ပြောင်းလဲလာခြင်းဖြစ်သည်။ သစ်တောမြေကို စိုက်ပျိုးနိုင်သော မြေ၊ စားကျက်မြေ၊ မြို့ပြတည်ရာမြေ စသည်ဖြင့် ပြောင်းလဲအသုံးချရာမှလည်းကောင်း၊ သစ်ထုတ်လုပ်ရာမှ လည်းကောင်း သစ်တောပြုန်းတီးရသည်။

သစ်တောပြုန်းတီးမှု၏ အကျိုးဆက်အဖြစ် သဘာဝပတ်ဝန်းကျင်အဆင့်အတန်းနိမ့်ကျလာခြင်း(degraded environment)နှင့် ဇီဝမျိုးစုံလင်မှု (biodiversity) လျော့နည်းလာခြင်းတို့ ဖြစ်ပေါ်နိုင်သည်။



သစ်တောပြုန်းတီးလာမှု အန္တရာယ်ကို ခံစားရလျက်ရှိသည့် အမေဇုန် သစ်တောကြီးတစ်နေရာကို ဤသို့တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့နိုင်ငံအများအပြား၌ သစ်တောပြုန်းတီးမှု အရှိန်အဟုန်ဖြင့် ဖြစ်ပေါ်နေဆဲပင်။ သစ်တောပြုန်းတီးမှုကြောင့် ရာသီဥတုနှင့် ပထဝီဝင်ဆိုင်ရာ အပြောင်းအလဲများလည်း ပေါ်ပေါက်နိုင်သည်။

သစ်တောပြန်လည်ထူထောင်ခြင်း (reforestation)ကို ထိထိရောက်ရောက် မလုပ်ဆောင်ဘဲ သစ်ခုတ်လှဲခြင်းများကြောင့် သစ်တောပြုန်းတီးရသည့်အခါ သဘာဝဂေဟာများ ပျက်စီးကာ ဇီဝမျိုး စုံလင်မှု လျော့နည်းသွားပေမည်။ တောမီးလောင်ခြင်း၊ တောင်ယာစိုက်ပျိုးရန် ခုတ်ထွင်ခြင်း၊ ထင်းမီးသွေးနှင့် အိမ်ဆောက်ပစ္စည်းထုတ်လုပ်ခြင်း၊ မြေအောက်သယံဇာတနှင့် ကျောက်မီးသွေးထုတ်လုပ်ရန် သစ်တောများခုတ်လှဲခြင်း၊ စက်ရုံများမှ အညစ်အကြေးစွန့်ပစ်ခြင်းစသည့် အကြောင်းတရားများသည် သစ်တောပြုန်းတီးမှုကို ဖြစ်ပေါ်စေသည်။

ပြုန်းတီး

သမိုင်းမှတ်တမ်းများအရ ၁၈၅၂ခုနှစ် ဝန်းကျင်မှစ၍ ကမ္ဘာတစ်ဝန်းတွင် သစ်တောပြုန်းတီးသည့် နှုန်းမှာမကြုံဖူးအောင် ထူးထူးခြားခြားဖြစ်ပေါ်ခဲ့သည်ဟုသိရသည်။ ဥရောပရှိ သစ်တောများမှာ အက်စစ်မိုးကြောင့် ဆိုးဆိုးရွားရွားပျက်စီးခဲ့ရပြီး ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသရှိ သစ်တောများမှာ ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲပြီးချိန်နောက်ပိုင်း သစ်ထုတ်လုပ်မှု များပြားမှုကြောင့် ပြုန်းတီးခဲ့ရသည်။ အလားတူပင် အာရှနိုင်ငံများရှိ သစ်တောများလည်း ပြုန်းတီးခဲ့ရသည်။ အာဖဂန်နစ္စတန်နိုင်ငံတွင်မူ ယင်းနိုင်ငံရှိ သစ်တောပမာဏ၏ ၇၀ရာခိုင်နှုန်းကျော် နှစ် ၂၀အတွင်း ပြုန်းတီးသွားခဲ့သည်။

မျက်မှောက်ကာလတွင် အပူပိုင်းမိုးသစ်တောများ (tropical rainforests) ပြုန်းတီးမှုနှင့်ပတ်သက်၍ အလေးပေးပြောဆိုလျက်ရှိကြသည်။ အပြောင်ရှင်းစနစ်ဖြင့် သစ်ထုတ်လုပ်မှု (clear cutting)ကြောင့် ဇီဝမျိုးစုံလင်မှု ထိခိုက်နိုင်ပုံကို သတိမူကြရမည်ဖြစ်သည်။

ရှေးအခါက ကမ္ဘာမြေပေါ်တွင် အပူပိုင်းသစ်တော ဟက်တာ ၁၁သန်း ၅ ဘီလီယံမှ ၁၁သန်း ၆ဘီလီယံအထိရှိခဲ့ရာ ယခုအခါ ယင်းပမာဏ၏ တစ်ဝက်ခန့်အထိ ကျဆင်းခဲ့ရပြီဖြစ်သည်။

အမေဇုန် မိုးသစ်တော (Amazon Rainforest)မှာ ဇီဝမျိုးစုံလင်လှသော်လည်း သစ်တောပြုန်းတီးမှုဒဏ်မှ မလွတ်မြောက်ခဲ့ပေ။ အမေဇုန်မြစ်ဝှမ်းတွင် သစ်တောဟက်တာ သန်း၆၀၀ ကျော်ရှိသည်။

အမေဇုန်မိုးသစ်တော ပြုန်းတီးရသည့် အဓိကအကြောင်းတရားမှာ လူဦးရေ တိုးလာမှုဖြစ်သည်။ လူဦးရေတိုးနှုန်းကို ထိန်းချုပ်နိုင်ခြင်းမရှိပါက ၂၀၃၀ ပြည့်နှစ်အရောက်တွင် ဖော်ပြပါသစ်တောမြေ၏ ၁၀ရာခိုင်နှုန်းသာကျန်ရှိမည်ဟု ပညာရှင်များက ဟောကိန်းထုတ်ထားသည်။ အမေဇုန်မိုးသစ်တော၏ နောက်ထပ် ၁၀ ရာခိုင်နှုန်းမှာ အဆင့်နိမ့်သွားသော အခြေအနေ (degraded condition) တွင်ရှိနိုင်ပြီး ၈၀ရာခိုင်နှုန်းမှာ တောပြုန်းသွားမည်ဖြစ်ရာ မျိုးစိတ်ပေါင်း သိန်းပေါင်းများစွာ ပျောက်ကွယ်သွားပေမည်။

အကျိုးယုတ်

သစ်တောပြုန်းတီးမှုသည် ကမ္ဘာကြီးပူနွေးမှုကိုဖြစ်စေသော အဓိကအကြောင်းတရားဖြစ်သည်။ သစ်တောပြုန်းတီးခြင်းဖြင့် သဘာဝပတ်ဝန်းကျင်၌ အကျိုးယုတ်စေမည်သာဖြစ်သည်။

ကမ္ဘာမြေ၏ ၆၀ရာခိုင်နှုန်းကို သစ်တောဖုံးလွှမ်းခဲ့ရာမှ မျက်မှောက်ကာလတွင် သစ်တောဖုံးလွှမ်းမှုမှာ ၃၅ရာခိုင်နှုန်းသာရှိတော့သည်။ ကမ္ဘာ့သစ်တောကြီးများ၏ ထက်ဝက်ခန့်နှင့် အမြဲစိမ်းသစ်တောကြီးများ၏ ၉၀ရာခိုင်နှုန်း ပျက်စီးခဲ့ရလေပြီ။သစ်တောများသည် ရေတိုက်စားခြင်းကို ကာကွယ်ပေးသည်။ ရေတိုက်စားခြင်းကြောင့် မြေဆီလွှာကုန်ခန်းရသည်။ သစ်ပင်မရှိလျှင် တောင်ကတုံးများဖြစ်ပေါ်ကာ သဘာဝပတ်ဝန်းကျင် ပျက်ယွင်းသည်။

သောင်ထွန်းခြင်းသည် တောပြုန်းခြင်း၏ ရလဒ်ဖြစ်သည်။ သစ်ပင်မရှိလျှင် လေနှင့်အတူ ပါလာသော သဲမှုန်များနှင့် ဖုန်များက စိုက်ခင်းများအပေါ်ကျရောက်ကာ သီးနှံထွက်နှုန်းကို ထိခိုက်စေသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး သတင်းအက်ဆေး

သစ်တောဒေသရှိ သစ်ရွက်ဆွေးများက ရေကိုစုပ်ယူသဖြင့် သစ်တောကြမ်းခင်း မြေသားမှာစိုစွတ်နေသည်။ သစ်တောဒေသတွင် မြေအောက်သို့ စိမ့်ဝင်သွားသော မိုးရေက မြေတွင်းအောင်းရေအဖြစ် တည်တံ့နေသည်။

အပူအအေးမျှတ

သစ်ပင်များသည် ရေခိုးရေငွေ့ကို ထုတ်လွှတ်ပေးနိုင်ခြင်းကြောင့် သစ်တောဒေသတွင် အပူအအေးမျှတကာ ရာသီဥတုကောင်းမွန်သည်။

အပင်များသည် နေ၏အပူစွမ်းအင်မှတစ်ဆင့် ဓာတုစွမ်းအင်ထုတ်လုပ်သည်။ ဓာတုစွမ်းအင်သည် ကာဗွန်ဒိုင်အောက်ဆိုဒ်ကို ဖမ်းယူအသုံးချသဖြင့် သစ်တောရှိခြင်းသည် ကမ္ဘာကြီးပူနွေးလာမှုကို လျှော့ချပေးနိုင်သည်။

သစ်ပင်များသည် အောက်စီဂျင်ကို ထုတ်လွှတ်ပေးခြင်းဖြင့် လေကောင်း လေသန့်ကို ဖြစ်ပေါ်စေသည်။

ပင်လယ်ဘက်မှ တိုက်ခတ်လာသော လေတွင် ရေခိုးရေငွေ့ပါရှိပြီး သစ်တောကို တိုက်ခတ်ပြီးနောက် မုတ်သုံမိုးအဖြစ် ရွာချသည်။ သစ်တောရှိခြင်းဖြင့် မိုးရွာသွန်းမှုမှန်ကန်သည်။

သစ်တောပြုန်းတီးလျှင် ရေလည်းပျက်၊ မြေလည်းပျက်ကာ သဘာဝပတ်ဝန်းကျင် ပျက်စီးရမည်ဖြစ်ပေရာ နိုင်ငံသူနိုင်ငံသားတိုင်းက သစ်တောသစ်ပင် ချစ်မြတ်နိုးစိတ်ဖြင့် သစ်ပင်စိုက်ပျိုးကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

အောင်သုတ

သစ်တော၊ သစ်ပင် ချစ်မြတ်နိုးစိတ်ဖြင့် လူငယ်မောင်မယ်များက ဤသို့ သစ်ပင်များ စုပေါင်းစိုက်ပျိုးကြသည်။ (အင်တာနက်ဓာတ်ပုံ)

အာကာသသိပ္ပံ



ဂါမာရောင်စဉ်တန်းပုံရိပ်

နာဆာအဖွဲ့မှ အာကာသစူးစမ်းလေ့လာမှုများ ပြုလုပ်နိုင်ရန် စေလွှတ်ထားသည့် အာကာသအဏုကြည့်မှန်ပြောင်း တပ်ဆင်ထားသည့် အာကာသယာဉ်မှ ပထမဆုံးပုံရိပ်ကို မြေပြင်စခန်းသို့ ပေးပို့လိုက်သည်။

အဆိုပါ ပုံရိပ်သည် အာကာသအတွင်း ဖြစ်ပေါ်နေသော အလွန်ထူးဆန်းသည့် ဂါမာရောင်စဉ်တန်းတစ်ခု၏ ပုံရိပ်ဖြစ်ကြောင်း သိရသည်။ ၎င်းဂါမာရောင်စဉ်တန်းသည် အာကာသဟင်းလင်းပြင်တွင် နဂါးငွေ့တန်းသဖွယ် ဖြစ်တည်နေသည်ကို တွေ့ရကြောင်းနာဆာသုတေသနပညာရှင်များက ပြောကြားသည်။

ရွေ့လျားနေ

အင်အားကောင်းသော အာကာသအဏုကြည့်မှန်ပြောင်း တပ်ဆင်ထားသည့် အဆိုပါ လေ့လာရေးယာဉ်သည် အာကာသအတွင်း နက္ခတ်တာရာများ၏ ပြောင်းလဲမှု၊ ထူးခြားမှုနှင့် ပေါက်ကွဲမှုဖြစ်စဉ်များကို အသေးစိတ်မှတ်တမ်းတင်နိုင်ရေးအတွက် အာကာသအတွင်း ရွေ့လျားလျက်ရှိသည်။

၎င်းအာကာသ လေ့လာရေးယာဉ်ကို ပြီးခဲ့သည့် ဇွန်လကတည်းက အာကာသသို့ နာဆာအဖွဲ့မှ လွှတ်တင်ထားခြင်းဖြစ်ရာ အာကာသတွင်းနက်များ၊ ထူးခြားသော ကြယ်တာရာများနှင့် အခြားသောဖြစ်ရပ်များအားလုံးကို အသေးစိတ်မှတ်တမ်းတင်ကာ မြေပြင်စခန်းသို့ ပြန်လည်ပေးပို့လျက်ရှိရာ ယခုအခါ ပထမဆုံးပုံရိပ်အဖြစ် ဂါမာရောင်စဉ်တန်းပုံရိပ်ကို ပေးပို့လိုက်ခြင်းဖြစ်သည်။ နာဆာအဖွဲ့က ၎င်းရောင်စဉ်တန်းနှင့်ပတ်သက်ပြီး လေ့လာသုတေသနပြုနေပြီ ဖြစ်သည်။

(အင်တာနက်)

30-8 (05).pmd 1 8/31/2008, 2:43 AM

မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဖောင်ပိတ်သတင်း

ကနေဒါ ဗန်ကူဗာကျွန်းကမ်းလွန်၌ ငလျင်လှုပ်

တိုရွန်တို ဩဂုတ် ၂၉

ကနေဒါနိုင်ငံ ဗန်ကူဗာကျွန်းကမ်းလွန်တွင် ဩဂုတ် ၂၉ရက် နံနက်က ရစ်ချ်တာစကေး ၅ဒသမ၈ရှိ ငလျင်လှုပ်မှုကြောင့် နေအိမ်အချို့ပျက်စီးသွားကြောင်း ကနေဒါနိုင်ငံ မိုးလေဝသဌာနမှ အရာရှိများက ပြောကြားသည်။

အဆိုပါငလျင်သည် ဗန်ကူဗာကျွန်းကမ်းလွန် ၁၅၇ကီလိုမီတာအကွာ မြေအောက်ကြမ်းပြင်ကို ဗဟိုပြုလှုပ်ရှားသွားခြင်းဖြစ်ကြောင်း၊ ဗန်ကူဗာကျွန်းတွင် နေအိမ်များ ယိမ်းထိုးလှုပ်ခါသွားခြင်းဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်မြောက်ပိုင်း၌ရေလွှမ်း၊ မြေပြို ငါးဦးသေဆုံး၊ ငါးဦးပျောက်ဆုံး

ဟန်ွိုင်း ဩဂုတ် ၂၉

ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ဟာဂျိုင်ပြည်နယ်တွင် ဩဂုတ် ၂၉ရက် နံနက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပွားကာ ငါးဦးသေဆုံးပြီး ငါးဦးပျောက်ဆုံးလျက်ရှိကြောင်း ဗီယက်နမ်သဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဗီဆူယန်ခရိုင်တွင် ရေလွှမ်းမှုဆိုးရွားစွာဖြစ်ပေါ်ခဲ့ပြီး သေဆုံးမှုနှင့် ပျောက်ဆုံးမှုများဖြစ်ပေါ်ခဲ့သည်။ ထို့အတူ ဟောင်ဆူဖီခရိုင်တွင် မိုးရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွားရာ နေအိမ်၁၄လုံးပျက်စီးခဲ့ကြောင်း သိရသည်။ (အေပီပုံ)

ဂျပန်အလယ်ပိုင်း နာဂိုယာမြို့အနီး၌ ရေလွှမ်း ဒေသခံထောင်ပေါင်းများစွာ ရေဘေးဒုက္ခကြုံတွေ့

တိုကျို ဩဂုတ် ၂၉

ဂျပန်နိုင်ငံအလယ်ပိုင်း နာဂိုယာမြို့ အနီးဝန်းကျင်ဒေသတွင် ဩဂုတ် ၂၉ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပေါ်ကာ တစ်ဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း ဂျပန်အရာရှိများက ပြောကြားသည်။

မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် နေအိမ် အများအပြား ရေနစ်မြုပ်ကာ ဒေသခံ ထောင်ပေါင်းများစွာ ရေဘေးဒုက္ခကြုံတွေ့ခဲ့ရကြောင်း၊ ရေများ စီးဆင်းမှုကြောင့် တံတားနှစ်စင်းလည်း ပျက်စီးသွားကြောင်း ၄င်းတို့က ပြောကြားသည်။

သရက်-ရွှေပန်းကိုင်းလမ်း ကျောက်လမ်းပြုပြင်ရေးတိုင်းတာ

သရက် ဩဂုတ် ၂၉

သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးအောင်ကျော်ဟိန်းက ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် သရက်-ရွှေပန်းကိုင်းလမ်း ကျောက်လမ်းပြုပြင်ရေးဆောင်ရွက်မည့်အပိုင်းကို ကွင်းဆင်းတိုင်းတာ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ပြည်နယ်နှင့်တိုင်း အလွတ်တန်း ဘတ်စကက်ဘောပိုလ်လုပွဲ

အမျိုးသားတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ အမျိုးသမီးတွင်စစ်ကိုင်းတိုင်းနှင့် ယူ-၁၈တွင် အမျိုးသားရော အမျိုးသမီးပါ ရန်ကုန်တိုင်းမှဗိုလ်စွဲ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံမှတ်တမ်း - ဖိုးသော်ဇင်၊ စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

ရန်ကုန် ဩဂုတ် ၂၉

၂၀၀၈ခုနှစ် (၃၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အလွတ်တန်းပြိုင်ပွဲနှင့် စတုတ္ထအကြိမ်မြောက် အသက်(၁၈)နှစ်အောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲပွဲစဉ်များကို ယနေ့နံနက် ၉နာရီမှစ၍ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ကျင်းပခဲ့ရာ အလွတ်တန်းပြိုင်ပွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသားအသင်း၊ စစ်ကိုင်းတိုင်း အမျိုးသမီးအသင်း၊ ယူ-၁၈ပြိုင်ပွဲတွင် ရန်ကုန်တိုင်းအမျိုးသားအသင်းနှင့် ရန်ကုန်တိုင်းအမျိုးသမီးအသင်းတို့က အနိုင်ရဗိုလ်စွဲသွားကြသည်။

ပေးအပ် ချီးမြှင့်

အားကစားနှင့်ကာယ ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် အမျိုးသမီး ယူ-၁၈ ပြိုင်ပွဲ ပထမဆုရ ရန်ကုန်တိုင်းအသင်းအား တံခွန်စိုက်ဒိုင်း ပေးအပ်ချီးမြှင့်စဉ်။
(မြန်မာ့အလင်း)

အနိုင်ရ

ပြည်နယ်နှင့်တိုင်း ယူ-၁၈ အမျိုးသားဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းအသင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း)အသင်းကို ၇၅-၅၄ မှတ်ဖြင့် လည်းကောင်း၊ အမျိုးသမီးဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းအသင်းက စစ်ကိုင်းတိုင်းအသင်းကို ၇၀-၅၄ မှတ်ဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိကာ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ရန်ကုန်တိုင်းအမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့မှာ ယခုအကြိမ်တွင်ပါ ထပ်မံဗိုလ်စွဲနိုင်ခဲ့သဖြင့် ပြိုင်ပွဲလေးကြိမ်စလုံးတွင် ဗိုလ်စွဲသည့်အသင်းများဖြစ်လာသည်။ ချန်ပီယံရန်ကုန်တိုင်းယူ-၁၈အမျိုးသားအသင်းမှာ အုပ်စုတွင် မကွေး၊ ဧရာဝတီ၊ ကွာတားဖိုင်နယ်တွင် ကရင်၊ ဆီမီးတွင် ပဲခူးနှင့် ဗိုလ်လုပွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့ကိုအနိုင်ရကာ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ရန်ကုန်တိုင်း ယူ-၁၈ အမျိုးသမီးအသင်းမှာ အုပ်စုတွင် ဧရာဝတီနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့ကို အနိုင်ရရှိကာ အုပ်စုပထမရရှိခဲ့ပြီး ဆီမီးတွင် ပဲခူး၊ ဗိုလ်လုပွဲတွင် စစ်ကိုင်းတို့ကိုအနိုင်ရရှိကာ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲ အပြီးတွင် ယူ-၁၈ အမျိုးသားပြိုင်ပွဲ၌ ပထမ ရန်ကုန်တိုင်း၊ ဒုတိယ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ပူးတွဲတတိယ ပဲခူးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့က ရရှိကြပြီး ပထမဆုရအသင်းအား တံခွန်စိုက်ဒိုင်း၊ တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေကျပ်ခြောက်သိန်း၊ ဒုတိယဆုရအသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့်ငွေကျပ်သုံးသိန်း၊ ပူးတွဲ တတိယဆုရအသင်းအား ဆုတံဆိပ်နှင့် ငွေကျပ်တစ်သိန်းစီ ချီးမြှင့်ကြသည်။ အကောင်းဆုံးအားကစားသမားဆုကို ဆက်မွန်မင်း(ရန်ကုန်)၊ အကောင်းဆုံး ပြန်ကျဘောဖမ်းသူဆုကို အောင်ကိုကို ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ အကောင်းဆုံး ခံစစ်ကစားဆုကို ဟိန်းသူ(ရန်ကုန်)တို့က ရရှိကြသည်။ အမျိုးသမီးပြိုင်ပွဲ၌ ပထမ ရန်ကုန်တိုင်း၊ ဒုတိယ စစ်ကိုင်းတိုင်း၊ ပူးတွဲ တတိယ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်း၊ အကောင်းဆုံး အားကစားသမားဆု ရီရီအောင်(ရန်ကုန်)တို့က ရရှိသွားကြသည်။

ပြည်နယ်နှင့်တိုင်းအလွတ်တန်း အမျိုးသမီးဗိုလ်လုပွဲတွင် လက်ရှိချန်ပီယံ စစ်ကိုင်းတိုင်းက ရန်ကုန်တိုင်းကို ၈၃-၅၈မှတ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဘွဲ့ကို ဆက်လက်ထိန်းသိမ်းသွားသည်။ စစ်ကိုင်းတိုင်းမှ ရန်ကုန်တိုင်းကို ၂၅မှတ်တိတိဖြတ်ကာ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲအပြီးတွင် ပထမ စစ်ကိုင်းတိုင်း၊ ဒုတိယ ရန်ကုန်တိုင်း ပူးတွဲတတိယ မကွေးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့က ရရှိကြသည်။ အကောင်းဆုံး အားကစားသမားဆုကို ယုမွန်သော်(စစ်ကိုင်း)၊ အကောင်းဆုံးပြန်ကျဘော ဖမ်းသူဆုကို သက်စုထွေး(ရန်ကုန်)၊ အကောင်းဆုံးခံစစ်သမားဆုကို စုစုဟန်(စစ်ကိုင်း)တို့က ရရှိကြသည်။

အမျိုးသား ဗိုလ်လုပွဲအဖြစ် မန္တလေးတိုင်းနှင့် လက်ရှိချန်ပီယံ ရှမ်းပြည်နယ်(မြောက်ပိုင်း)အသင်းတို့ ယှဉ်ပြိုင်ကြသည်။ ဘတ်စကက်ဘော အားကစားဝါသနာရှင်များ၏ တစ်ခဲနက် အားပေးမှုကြောင့် ပြိုင်ပွဲမှာ အကြိတ်အနယ် ရှိခဲ့သည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)အသင်းက အမှတ်အသာဖြင့် တောက်လျှောက် ဦးဆောင်နိုင်ခဲ့သော်လည်း မန္တလေးကနောက်မှပြန်လိုက်ရာ ပွဲပြီးဖို့နှစ်မိနစ်အကျော်အလိုတွင် ၇၅-၇၁မှတ်အထိ ပြန်ဖြစ်သွားသည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)က ၇၈မှတ်၊ မန္တလေးက ၇၆မှတ်အထိ လိုက်ပြီးမှ ပွဲအပြီးတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၇၉-၇၆မှတ်ဖြင့် ဗိုလ်စွဲသွားခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲအပြီးတွင် ပထမ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ဒုတိယ မန္တလေး၊ ပူးတွဲတတိယ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် စစ်ကိုင်း၊ အကောင်းဆုံး အားကစားသမားဆုကို လောက်ဖုန်း ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ အကောင်းဆုံးပြန်ကျဘော ဖမ်းသူဆုကို ရှောက်ရင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ အကောင်းဆုံး ခံစစ်သမားဆုကို ဉာဏ်လင်း(မန္တလေး)တို့က ရရှိသွားသည်။ ပထမဆုရအသင်းအား တံခွန်စိုက် ဒိုင်း၊ ဆင့်ပွား ဒိုင်း၊ တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ် ရှစ်သိန်း၊ ဒုတိယဆုရ အသင်းအား တစ်ဦးချင်းဆု တံဆိပ်နှင့် ငွေကျပ် ငါးသိန်း၊ ပူးတွဲတတိယဆုအသင်းအား ဆုတံဆိပ်နှင့် ငွေကျပ် နှစ်သိန်းစီ ပေးအပ်ချီးမြှင့်သည်။ အသန့်ရှင်းဆုံးအသင်းဆုကို ယူ-၁၈ပြိုင်ပွဲ ၌ ဧရာဝတီ အမျိုးသမီး အသင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသားအသင်း၊ အလွတ်တန်း၌ မကွေးအမျိုးသမီး အသင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)အမျိုးသားအသင်း တို့က ရရှိကြသည်။

ဆုချီးမြှင့်

ဆုရအသင်းများအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် နာယကများ၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များက ဆုများ ပေးအပ်ချီးမြှင့်သည်။

တံခွန်စိုက်

၂၀၀၈ခုနှစ် အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘော ပြိုင်ပွဲကို ဩဂုတ် ၃၀ရက်(**ယနေ့**) နံနက်၈နာရီမှ စတင်ကျင်းပသွားမည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

အသန့်ရှင်းဆုံး အသင်းဆု

မြန်မာနိုင်ငံ အမျိုးသမီး အားကစား အဖွဲ့ချုပ် ဗဟို လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေး ယူ-၁၈အမျိုးသားပြိုင်ပွဲ အသန့်ရှင်းဆုံး အသင်းဆုရ ရှမ်းပြည်နယ်(မြောက်ပိုင်း) အသင်းအား ဆုချီးမြှင့်စဉ်။
(မြန်မာ့အလင်း)

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာစိပ်စိပ်မိုးရွာနိုင်

ရန်ကုန် ဩဂုတ် ၂၉

ဩဂုတ် ၂၈ရက်က ကမ္ဘာ့နိုင်ငံများ၏ ရာသီဥတုဖြစ်စဉ်ကို လေ့လာကြည့်ပါလျှင် အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမှုဖြစ်ပေါ်ခြင်း၊ ဟေတီနိုင်ငံတောင်ပိုင်းတွင် ဂူတာဗ်ဟာရီကိန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် နေအိမ်များပျက်စီးခြင်း၊ နီပေါနိုင်ငံခတ္တမန္ဒူမြို့အနောက်ဘက် ဘာဟန်းခရိုင်တွင် မြေပြိုမှုကြောင့် လူသေဆုံးမှုဖြစ်ပေါ်ခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရသည်။

ဩဂုတ် ၂၉ရက်က မြန်မာနိုင်ငံ၏ ရာသီဥတုဖြစ်စဉ်ကို လေ့လာကြည့်ပါလျှင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်မိုးရွာနိုင်ပြီး ကယားပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့၌ နေရာကျဲကျဲ မိုးရွာသွန်းနိုင်သည်။ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းလျက်ရှိပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

ဩဂုတ် ၃၀ရက်(**ယနေ့**) ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုကို ခန့်မှန်းရပါက ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာနိုင်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ တနင်္သာရီတိုင်းတို့၌ နေရာစိပ်စိပ် မိုးရွာနိုင်သည်။ ကျန်ဒေသများတွင် နေရာကွက်ကျား မိုးရွာနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဩဂုတ် ၃၀ရက်(**ယနေ့**) နေပြည်တော်၊ မန္တလေး၊ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားပျော့နေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။

ဩဂုတ် ၂၉ ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

သံတွဲ	၂ ဒသမ ၇၆ လက်မ
မိုးကုတ်	၂ ဒသမ ၅၂ လက်မ
မောင်တော	၂ ဒသမ ၂၉ လက်မ
ကျောက်တော်	၂ ဒသမ ၂၄ လက်မ
ဖျာပုံ	၁ ဒသမ ၈၁ လက်မ
မြစ်ကြီးနား	၁ ဒသမ ၂၆ လက်မ
ဓောင်းတူ	၁ ဒသမ ၂၂ လက်မ
ဘီးလင်း	၁ ဒသမ ၀၆ လက်မ

ကိုးကား - မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

● ရှေ့ဖုံးမှ

ရေဆင်း(၂) အမျိုးအစားကြံစိုက်ခင်းကို ကြည့်ရှုစစ်ဆေးကာ လင်းခေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး နွယ်ဝတီခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ လင်းခေးမြို့နယ်အတွက် သုတရသစာအုပ်များ၊ စာရေးကိရိယာများနှင့် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် လင်းခေးမြို့နယ်၏ (၂၅)ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံ၌ ဖျားနာဆောင်၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်း၊ သားဖွားဆောင်၊ သားဖွားဆိုင်ရာဆေးခန်း၊ ဓာတ်မှန်ဆောင်နှင့် ကာကွယ်ဆေးသိုလှောင်ခန်းတို့ကို လည်းကောင်း၊ လင်းခေးမြို့နယ် ပုန်းထွန် ကျေးရွာအုပ်စုရှိ တောင်သူဦးခမ်းဆိုင်၏ ၂၁သမဖ ဧကအတွင်း ဂျပန်ကလေးမျိုး မြေပဲစိုက်ခင်း၌အောင်မြင်ဖြစ်ထွန်းနေသော မြေပဲစိုက်ခင်းကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လွိုင်လင်ခရိုင် ကျိုင်းတောင်းမြို့နယ်ရှိ တပ်နယ်ခန်းမ၌ တပ်နယ်ရှိ အရာရှိ စစ်သည် မိသားစုဝင်များအား တွေ့ဆုံ၍ တပ်နယ်အတွက် သုတ၊ရသစာအုပ်များ၊ စာရေးကိရိယာများနှင့် အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ကျိုင်းတောင်းမြို့ရှိ ဝိန်းတောင် အခြေခံပညာ အလယ်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူလေးများ၏ စာပေသင်ကြားနေမှု၊ Computer Room နှင့် Language Lab အခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းပဒေသာပင်အတွက် အလှူငွေများ ပေးအပ်သည်။

ကျိုင်းတောင်းရေအားလျှပ်စစ်

ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန အမှတ်(၇)တည်ဆောက်ရေးအဖွဲ့က တာဝန်ယူတည်ဆောက်လျက်ရှိသော ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိကြပြီး စီမံကိန်းရှုရပ်ဆောင်မှစက်ရုံစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ စီမံကိန်းစက်ရုံ၌ စက်ရုံအတွင်းရှိ ဂျင်နရေတာများတပ်ဆင်နေမှုကိုလည်းကောင်း၊ ဗို့အားနိမ့် ဓာတ်အားဖြန့်ဝေခန်း၊ တာဘိုင်ခန်း၊ Control Roomနှင့် ရေထုတ်မြောင်းတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

စစ်ကိုင်းတိုင်း ဝန်းသို၌ စပါးစိုက်ခင်းများအတွင်း စုပေါင်းမြေသြဇာကြဲပက်

ရန်ကုန် ဩဂုတ် ၂၉

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးသည် ဩဂုတ် ၂၂ရက်က ကသာခရိုင် ဝန်းသိုမြို့နယ် တဲကုန်းကျေးရွာ ကွင်းအမှတ် ၁၂၆၅ရှိ တောင်သူဦးညိုဝင်း၏ လယ်မြေသုံးဧက၌ ရွှေဘို(၂)၊ မော်ဘီ(၂)နှင့် ဆင်းဧကရီ(၃) စပါးစိုက်ကွင်းများအတွင်း လယ်သမားများ၏ မြေသြဇာစုပေါင်းကြဲပက်နေမှုကို ကြည့်ရှုအားပေးကာ**(အပေါ်ပုံ)** လယ်သမားများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးစပါးထွန်တုံးပိတ် ကောက်စိုက်စွမ်းရည်ပြိုင်

မြစ်ကြီးနား ဩဂုတ် ၂၉

မြစ်ကြီးနားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ၂၀၀၈ခုနှစ် မိုးစပါး ထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲကို ဩဂုတ် ၂၅ ရက် နံနက်စောစောက မြစ်ကြီးနားမြို့နယ် မန်ခိန်ရပ်ကွက်နေ တောင်သူဦးလဂျော်ဘရန်မိုင်နှင့် ဦးရှင်ကွယ်၏ လယ်ကွက်တွင် ကျင်းပသည်။

အဖွင့်အမှာစကားပြောကြား

ပြိုင်ပွဲမစတင်မီ မြစ်ကြီးနားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုရဲမှူးမြင့်လွင်ဦးက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးထွေးက ၂၀၀၈-၂၀၀၉ခုနှစ် မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြို့နယ် မြေစာရင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းက မိုးစပါးကောက်စိုက်စွမ်းရည်ပြိုင်ပွဲ စည်းမျဉ်းစည်းကမ်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကောက်စိုက်စွမ်းရည်ပြိုင်ပွဲကို စတင်ကျင်းပသည်။

ချီးမြှင့်

ပြိုင်ပွဲကျင်းပပြီးနောက် ပထမဆုရရှိသည့် စီတာပူကောက်စိုက်အသင်းအား မြစ်ကြီးနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမျိုးညွန့်က ဆုချီးမြှင့်ပြီး အခြားဆုများကို တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ရာ ဆုရရှိသူများက လက်ခံယူကြသည်။

(မြို့နယ် ပြန်/ဆက်)

စိုက်ပါစားပါ အရသာ မတူမြတ်ပီတိ

မန္တလေးတက္ကသိုလ် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းမှတ် စာတမ်းဖတ်ပွဲ၊ ဟောပြောပွဲ၊ ဓာတ်ပုံပြပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၉

၁၉၅၈ ခုနှစ်မှစ၍ တက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်ခဲ့သော မန္တလေးတက္ကသိုလ်ကြီး၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင်အထိမ်းအမှတ် စာတမ်းဖတ်ပွဲ၊ ဟောပြောပွဲ၊ ဓာတ်ပုံပြပွဲ၊ ဈေးပွဲတော်နှင့် အာစရိယပူဇော်ပွဲကို နိုဝင်ဘာရက်တွင် ကျင်းပမည်ဖြစ်ပြီး မန္တလေးတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အသက် ၆၈နှစ်ပြည့်ပြီးသော ဆရာကြီး၊ ဆရာမကြီး ၂၂၉ဦးတို့အား မန္တလေးတက္ကသိုလ် တပည့်ဟောင်း ကျောင်းသားကျောင်းသူဟောင်းများအနေဖြင့် စေတနာသဒ္ဓါတရား ထက်သန်စွာ ပူဇော်ကန်တော့လှူဒါန်းနိုင်ရန်နှင့် စုဆောင်းထားရှိသော မန္တလေးတက္ကသိုလ်နှင့် ပတ်သက်သည့် မှတ်တမ်းဓာတ်ပုံများကိုလည်း ဒေါက်တာမြအေး ပါမောက္ခချုပ် မန္တလေးတက္ကသိုလ် ဖုန်း-၀၂-၃၄၄၂၀၊ ဦးပိုမြင့် ပါမောက္ခချုပ် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ဖုန်း-၀၉-၂၀၀၀၇၃၅၊ ဒေါက်တာခင်ဆွေမြင့် ဒုတိယပါမောက္ခချုပ် မန္တလေးတက္ကသိုလ် ဖုန်း-၀၂-၃၆၆၃၃နှင့် ဒေါက်တာမောင်မောင်လေး (ပါမောက္ခ/ဌာနမှူး) မြန်မာစာဌာန ဖုန်း-၀၉-၂၀၀၀၈၆၇ တို့သို့ ဆက်သွယ်လှူဒါန်း ပေးပို့ကြပါရန် ရွှေရတုအထိမ်းအမှတ်နှင့် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့ မန္တလေးတက္ကသိုလ်မှ နှိုးဆော်ထားကြောင်း သိရသည်။

(သတင်းစဉ်)

ကျေးလက်လမ်း ကျောက်ချောခင်းရန် လွယ်ဂျယ်၌ ကျောက်များစုဆောင်း

ဗန်းမော် ဩဂုတ် ၂၉

ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ဝင်းခမ်းကောင်းဆာ ကျေးလက်ကျောက်ချောလမ်းခင်းရန် ကျောက်များစုဆောင်းပြီးစီးနေမှုကို တာဝန်ခံအရာရှိ ဦးသောင်းမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝဏ္ဏတို့က ဩဂုတ်၁၄ရက်က သွားရောက် ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဘင်းမ်စတက်ဝန်ကြီးအဆင့် အစည်းအဝေး တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း အိန္ဒိယသို့ထွက်ခွာ

နေပြည်တော် ဩဂုတ် ၂၉

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ဩဂုတ်၂၉ရက်တွင် ကျင်းပမည့် ကဏ္ဍစုံ နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် ဘင်းမ်စတက်၏ (၁၀)ကြိမ်မြောက် ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ရန် ယမန်နေ့နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ဝန်ကြီးဦးဉာဏ်ဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်တင်ရှိန်လည်း လိုက်ပါသွားသည်။

တက်ရောက်လျက်ရှိ

ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် ဘင်းမ်စတက်၏ (၁၂)ကြိမ်မြောက် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ဩဂုတ်၂၆ရက်က စတင်ကျင်းပလျက်ရှိပြီး နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်ကျော်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအေး၊ စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးထင်အောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်စွာ၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့် ဘာသာရပ်တာဝန်ခံ ဦးလင်းမောင်မောင်ဝင်းတို့ တက်ရောက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ဥတုရာသီ

တောကိုမိုး၏

SKY HOME Language Centre ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၂၉

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ Tokyo West International Education Academy ၏ ရန်ကုန်ကျောင်းခွဲဖြစ်သော SKY HOME Language Centre မှ သင်တန်းသစ်များ ထပ်မံဖွင့်လှစ်လိုက်ကြောင်း သိရသည်။(ဝဲပုံ)

ယင်းသင်တန်းများမှာ 2008 ခုနှစ် NIHONGO NOORYOKU SHIKEN (Leve1,2,3,4)၊ Conversation (Basic/ Inter)၊ Four Skills Class (Level 1,2,3,4) နှင့် ဂျပန်စာအခြေခံ(တစ်ဦးချင်း/ဝိုင်း) တို့ဖြစ်သည်။

တိုက်ရိုက်ချိတ်ဆက်

ဂျပန်ဘာသာအပြင် အင်္ဂလိပ်နှင့် တရုတ်ဘာသာစကားများကိုပါ သင်ကြားပေးမည်ဖြစ်ပြီး ဂျပန်ဘာသာ ဆက်လက် လေ့လာလိုသူများသည် SKY HOME တွင် လာရောက်သင်တန်းတက်ပါက နီရှိတိုကျိုကျောင်းသို့ ဆက်လက်တက်ရောက်နိုင်ရေးအတွက် တိုက်ရိုက်ချိတ်ဆက်ပေးမည်ဖြစ်ကာ လေးတန်းနှင့်အထက် ကလေးများအတွက်လည်း ဂျပန်နိုင်ငံသင်ရိုးအတိုင်း သင်ကြားပေးမည့် အထူးအစီအစဉ်လည်းရှိကြောင်း သိရသည်။

ကြိုတင်စာရင်းပေးသွင်းနိုင်

စက်တင်ဘာ ၁ရက်မှစ၍ သင်တန်းအားလုံး ဖွင့်လှစ်မည်ဖြစ်ပြီး တစ်ခန်းလျှင် ၁၅ဦးသာ သင်ကြားမည်ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံရှိ သင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာမများက ရန်ကုန်မြို့ SKY HOME ကျောင်းတွင် ကျောင်းသားကျောင်းသူများအား Exam Test, Interview များ ပြုလုပ်မည်ဖြစ်သောကြောင့် ပြင်ပမှ ဂျပန်စာလေ့လာထားသော ကျောင်းသားကျောင်းသူများအားလုံး စိတ်ပါဝင်စားပါက အခမဲ့ဝင်ရောက်ဖြေဆိုနိုင်ကြောင်းနှင့် လူဦးရေကန့်သတ်ထားသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မင်္ဂလာဦးအလှူ

ရန်ကုန်တိုင်း ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ၃၅ရပ်ကွက် ဖိုးရာဇာလမ်းနေ ကိုရဲဇော်လတ်- မစုညိမ်းအေးတို့၏ မင်္ဂလာဦးဆွမ်းကျွေး အထိမ်းအမှတ် ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

လက်ကိုင်အသံချဲ့စက် ပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၉

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် မီးသတ်ဦးစီးဌာနသို့ မီးသတ်လုပ်ငန်းများနှင့် အရေးပေါ် လုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ငွေကျပ် ၇၀၀၀၀ တန်ဖိုးရှိ Mega Phone သုံးလုံး ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက စစ်ကိုင်းမြို့နယ် မီးသတ်ဦးစီးဌာနရုံး၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်း၊ အထက်မြန်မာပြည် ကွပ်ကဲရေးမှူး ဦးမင်းဆွေနှင့်တာဝန်ရှိသူများ၊အလှူရှင် စစ်ကိုင်းမြို့အိုးတန်းရပ်နေဦးဇော်ဝင်း-ဒေါက်တာဒေါ်နှင်းနှင်းစိန် မိသားစု တို့ တက်ရောက်ကြသည်။

လှူဒါန်း

ရှေးဦးစွာ အလှူရှင်က လက်ကိုင်အသံချဲ့စက် Mega Phone သုံးလုံး လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ရှင်းလင်း ပြောကြားသည်။ ထို့နောက် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းက လှူဒါန်းသည့် ပစ္စည်းများကို လက်ခံ၍ **(အပေါ်ပုံ)** အလှူရှင်အား မှတ်တမ်းတင်ဂုဏ်ပြုလွှာ ပေးအပ်ပြီး ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျေးလက်တံတား ကောင်းမွန်ရေး မိတ္ထီလာမြို့၌ ဆောင်ရွက်

မိတ္ထီလာ ဩဂုတ် ၂၉

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေး အဖွဲ့သည် ၂၀၀၈-၂၀၀၉ခု ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်လမ်းတံတားများ တိုးတက်ကောင်းမွန်စေရေးအတွက် ကျေးလက်ကျောက်ချောလမ်းလေးလမ်း အရှည်မိုင်ခြောက်မိုင်ကို အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိရာ ဩဂုတ်၁၇ရက်တွင် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စန်းစန်းဝါကမယ်ဇလီပင်-နားစမ်းကောင်ကျေးလက်လမ်း ကျောက်စုဆောင်းခြင်း လုပ်ငန်းကို အမှုဆောင်အရာရှိက ကွင်းဆင်းကြပ်မတ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဝေနေယျသုခ ရေချမ်းစင်အသင်း ပြက္ခဒိန် ထွက်ပြီ

ရန်ကုန် ဩဂုတ် ၂၉

၂၀၀၉ခုနှစ်အတွက်ဝေနေယျသုခ ရေချမ်းစင်အသင်း ပြက္ခဒိန်နှစ်မျိုး ဆေးရောင်စုံ မျက်နှာဖုံးဖြင့် တစ်ပြိုင်တည်းထွက်ပြီဖြစ်သည်။ တစ်နှစ်စာ ရေဖိုးငွေကျပ် အနည်းဆုံး ကျပ် ၃၀၀ လှူသူအား မြန်မာစက္ကူချောဖြင့်လည်းကောင်း၊ ငွေကျပ် ၄၀၀ လှူသူအား နိုင်ငံခြားစက္ကူဖြင့် လည်းကောင်း ပြက္ခဒိန်တစ်စောင် လက်ဆောင်ပေးမည်။ ပြည်တွင်းပြည်ပ ရေအလှူဒါနခုနစ်မျိုးစုံအတွက် အနည်းဆုံး ကျပ် ၇၀၀လှူသူ၊ ဝေနေယျသုခ ဓမ္မာရုံ ဘက်စုံအလှူနှင့် ရာသက်ပန် သောက်ရေသန့် ရေပဒေသာပင် တစ်ပင်လျှင် ကျပ်တစ်သောင်း အလှူရှင်များအား ကမ္ပည်းမော်ကွန်းတင်၍ ပြက္ခဒိန်များနှင့် ဂုဏ်ပြုလွှာပေးအပ်မည်ဟု သိရှိရသည်။

(မြန်မာ့အလင်း)

သစ်တောသစ်ပင်
ဒို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး
အလှတိုး

ပခုက္ကူခရိုင် မြိုင်မြို့နယ် ကျောက်ဆောက်ချောင်းအနီး၌ ၂၁၄ ခုမြောက် ကျောက်ဆောက်ရေလှောင်တမံ ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၂၉

မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ် ကျောက်ဆောက်ကျေးရွာအနီး မကွေးတိုင်းဆည်မြောင်းဦးစီးဌာန(ထိန်းသိမ်းရေး) က တာဝန်ယူတည်ဆောက်ပြီးစီးသွားသည့် ကျောက်ဆောက်ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်၉နာရီတွင် အဆိုပါရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်၊ ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်) မှ တာဝန်ရှိသူများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ပခုက္ကူခရိုင်နှင့် မြိုင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တောင်သူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အထောက်အကူပြု

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက အမှာစကားပြောကြားရာ၌ ယနေ့ဖွင့်လှစ်လိုက်သည့် ကျောက်ဆောက်ရေလှောင်တမံသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ပခုက္ကူခရိုင်အတွက် ဒေသဝမ်းစာဖူလုံရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ အထောက်အကူပြုစေရန် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း။

စိုက်ပျိုးနိုင်

မကွေးတိုင်းသည် မြန်မာနိုင်ငံ၏ ဆီအိုးကြီးဟု တင်စားခေါ်ရလောက်အောင် ဆီဖူလုံမှု ရာခိုင်နှုန်း၄၂၉ရာခိုင်နှုန်းအထိ တိုးတက်အောင် ဆောင်ရွက်ခဲ့သည့်အပြင် ဒေသဝမ်းစာဖူလုံရေးအတွက် ရေရရှိရေးနည်းလမ်းများအလိုက် ယခုနှစ်မိုးစပါး ၉၃၂၀၉၆ဧက စိုက်ပျိုးရန်လျာထားချက်အနက်မှ ၈၀၃၂၀၀၀၀ ကိုလည်း ပန်းတိုင်အထွက်နှုန်း တစ်ဧကတင်း၁၀၀ကျော် ထွက်ရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပခုက္ကူခရိုင်အနေဖြင့် ယခင်က မိုးစပါးဧက ၉၈၀၀၀နှင့် နွေစပါးဧက ၁၁၀၀၀ကျော်သာ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်တွင် ရေရရှိရေးနည်းလမ်းများ ရှာဖွေပြီး မိုးစပါးဧက ၁၃၀၀၀၀ကျော် စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေပေးဝေ

နိုင်ငံတော်အကြီးအကဲအနေဖြင့် ပခုက္ကူခရိုင်အတွင်း စိုက်ပျိုးရေရရှိရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် လုပ်ငန်းပေါင်း၇၁ခုကို စီမံချက်ချဆောင်ရွက်စေခဲ့ရာ ယခုအခါ လုပ်ငန်းပေါင်း၅၅ခု အပြီးသတ် ဆောင်ရွက်ပေးနိုင်ခဲ့၍ အကျိုးပြုဧက ၆၀၀၀ခန့်အထိ စိုက်ပျိုးရေပေးဝေနိုင်ခဲ့သည့်အပြင် ကျန်ရှိနေသော လုပ်ငန်း၁၆ခုအနက် ငါးခုမှာလည်း အပြီးသတ်နေပြီဖြစ်ကာ အကျိုးပြုဧက၂၅၀ခန့် ရရှိလာဦးမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က အမှာစကားပြောကြားသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ဆက်လက်၍ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ကျောက်ဆောက်ရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဒုတိယဝန်ကြီး ဦးအုန်းမြင့်နှင့်အတူ ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဒုတိယဝန်ကြီး ဦးအုန်းမြင့်တို့က ကျောက်ဆောက်ရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ကျောက်ဆောက် ရေလှောင်တမံကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

စိမ်းလန်းစိုပြည်ရေး

ယခုဖွင့်လှစ်ခဲ့သော ကျောက်ဆောက်ရေလှောင်တမံသည် ပခုက္ကူခရိုင် မြိုင်မြို့နယ် ကျောက်ဆောက်ကျေးရွာအနီး ကျောက်ဆောက်ချောင်းကိုပိတ်၍ တည်ဆောက်ထားကာ မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအမြင့်၂၅ပေ၊ တမံအလျား ပေ၂၉၀၀၊ ကန်ရေပြည့်ရေလှောင်ပမာဏ ၅၀၉ဧကပေရှိပြီး ဒေသစိမ်းလန်းစိုပြည်ရေးအတွက် များစွာအထောက်အကူပြုစေမည့်အပြင် စပါးနှင့် အခြားသီးနှံဧက ၁၅၀အတွက် စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်သည်။

ကျောက်ဆောက်ရေလှောင်တမံသည် နိုင်ငံတော်အစိုးရက ၁၉၈၈ ခုနှစ်နောက်ပိုင်း တည်ဆောက်ပေးခဲ့သည့် ၂၁၄ ခုမြောက် ရေလှောင်တမံဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှ အပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၈ ခုနှစ် ဩဂုတ်လအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

(၃၁-၈-၂၀၀၈) ရက်နေ့

၂၀၀၈ ခုနှစ် စက်တင်ဘာလအတွက်

(၁၄-၉-၂၀၀၈) ရက်နေ့

နှင့်

(၂၈-၉-၂၀၀၈) ရက်နေ့။

လေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၉

လေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိရာ ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် (ရန်ကုန်ရုံးခွဲ) အလှူငွေလက်ခံရာဌာနသို့ လာရောက်၍လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

လှူဒါန်း

ဩဂုတ်၂၂ရက်တွင် KB International Co., Ltd. က ငွေကျပ် ၁၄၂၈၀၀၀၊ ဗိုလ်ကြီးဇာနည်ထွန်း၊ ဗိုလ်ကြီးသန်းဝင်းအောင်၊ ဗိုလ်ကြီးသူရိန်ရဲထွဋ်၊ ဗိုလ်ကြီးဇော်မိုးနှင့် ညီအစ်ကိုသူငယ်ချင်းများ (Power Engineering Institute) က စက်မပါလှေသုံးစင်းအတွက် ငွေကျပ်ခြောက်သိန်း၊ ဩဂုတ်၂၃ရက်တွင် ရေဆင်းတက္ကသိုလ်ပါမောက္ခချုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများက ငွေကျပ် ၁၁၈၃၇၂၅၊ ဩဂုတ်၂၄ရက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က လူနေအိမ်နှစ်လုံးအတွက် ငွေကျပ် ၁၂ သိန်း၊ Embassy of the Union of Myanmar, Tokyo မှတစ်ဆင့် ယူရို ၃၇၉၆၇ ဒသမ ၅၀၊ ဩဂုတ်၂၅ရက်တွင် အမှတ်(၂)စက်မှုဝန်ကြီးဌာနက ငွေကျပ်သိန်း ၂၇၀၊ ဩဂုတ်၂၆ ရက်တွင် မြိတ်မြို့နယ်နှင့် ပုလောမြို့နယ်တို့မှ သံဃာတော်များက ငွေကျပ် ၅၂၆၀၀၀၀၊ ဩဂုတ် ၂၇ရက်တွင် အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်နှင့် ကွပ်ကဲမှုအောက်ရှိ တပ်ရင်းများက လူနေအိမ်နှစ်လုံးအတွက် ငွေကျပ် ၁၂သိန်း၊ ဗန်ကောက်မြို့ မြန်မာစစ်သံရုံးမှတစ်ဆင့် Tourist Police Department Bangkok, Thailand က အမေရိကန်ဒေါ်လာ ၄၀၀၊ ဩဂုတ် ၂၈ရက်တွင် ဒေါက်တာဦးကျော်နှင့် ဆရာမဒေါ်ခင်ပြုံးမိသားစုက ငွေကျပ်ငါးသောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း(ဌာနချုပ်)က ငွေကျပ် သိန်း၃၀၀တို့ ဖြစ်သည်။

ဩဂုတ်၂၂ရက်မှ ၂၈ရက်အထိ လက်ခံရရှိသည့် အလှူငွေစုစုပေါင်းမှာ ငွေ ၆၇၉၂၁၇၂၅ ကျပ်၊ အမေရိကန်ဒေါ်လာ ၄၀၀နှင့် ယူရို ၃၇၉၆၇ ဒသမ ၅၀ တို့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြောင်းချောင်း တံတား

ဩဂုတ် ၂၆ရက်က ဖွင့်လှစ်လိုက်သော ကလေးမြို့နယ် မြောင်းချောင်းတံတားကို တွေ့ရစဉ်။

(သတင်းဖော်ပြပြီး) (ဆောက်လုပ်ရေး)

ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

နေပြည်တော် ဩဂုတ် ၂၉

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့်ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော Daewoo E&P Myanmar သည် ရခိုင်ကမ်းလွန် လုပ်ကွက်အမှတ် A(1)တွင် 4th Drilling Campaign အဖြစ် ရေနံတွင်းတူးစက် Transocean Legand ဖြင့် ၂၀၀၈ခုနှစ် စက်တင်ဘာ၁ရက်မှ ၂၀၀၉ခုနှစ် ဇန်နဝါရီ ၃၁ရက်ခန့်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

တည်နေရာ

ရေနံတွင်းတူးစက် Transocean Legand ဖြင့် တူးဖော်မည့် ရေနံတွင်းများ၏ တည်နေရာများမှာ First Well မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၅၀မိနစ် ၅၈ဒသမ၃စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ဒီဂရီ ၁၀မိနစ် ၃၁ဒသမ ၆စက္ကန့်၊ Second Well မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၄၉မိနစ် ၆ဒသမ ၂၅စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ဒီဂရီ၀၄မိနစ် ၂၃ဒသမ ၅စက္ကန့်၊ Third Well မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၁၃မိနစ် ၇ဒသမ ၈၉စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ဒီဂရီ၅၀မိနစ် ၄၀ဒသမ ၆၁စက္ကန့်တို့တွင်ဖြစ်သည်။

အသိပေး

သို့ဖြစ်ပါ၍ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ်A(1)တွင် ရေနံအစမ်းတွင်းများကို ရေနံတွင်းတူးစက် Transocean Legand ဖြင့် တူးဖော်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါလုပ်ငန်းခွင် ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ စက်တပ်သမ္ဗာန်များနှင့် ငါးဖမ်းသင်္ဘောများ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းများမပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။

(သတင်းစဉ်)

မျှော်လင့်နေတာ ကြာပါပြီ

"မျှော်လင့်နေတာ ကြာပြီဖြစ်တဲ့ ရေလှောင်တမံကို မြင်တွေ့ သုံးစွဲရတော့မှာမို့ ဝမ်းသာလို့မဆုံးပါ"

ဦးနီတွေး(တောင်သူ)
ကျောက်ဆောက်ကျေးရွာ။

✳ ရှေ့ဖုံးမှ

မြန်မာ့အလင်းသတင်းအဖွဲ့သည် ဩဂုတ်၂၄ရက်က မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ် ကျောက်ဆောက်ကျေးရွာအုပ်စု၊ ကျောက်ဆောက်ရေလှောင်တမံသို့ သွားရောက်လေ့လာခဲ့ကြသည်။

လမ်းညွှန်ချက်

ကျောက်ဆောက်ရေလှောင်တမံသည် စိုက်ပျိုးရေးအတွက် ရေရရှိရေးကိုသာမက ပခုက္ကူခရိုင် စိမ်းလန်းစိုပြည်ရေးအတွက်ကိုလည်း အထောက်အကူပြုစေရန် ရည်သန်ဆောင်ရွက်သည်ဖြစ်သည့်အလျောက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် ပခုက္ကူခရိုင်ရေရရှိရေးအတွက် ဆောင်ရွက်နေသည့် ဆည်၇၁ခုအနက် ၅၄ခုမြောက် တည်ဆောက်ပြီးစီး ဖွင့်လှစ်နိုင်ခဲ့သော ဆည်တစ်ခုဖြစ်သည်။

"မိုးစပါးကနေ နွေစပါးပါ စိုက်နိုင်ပြီး ယာမြေမှ လယ်မြေပြောင်းလဲ စိုက်ပျိုးလာနိုင်အောင် ဆည်ရေတွေ ပေးဝေမှာ ဖြစ်ပါတယ်"

ဦးမြတ်ဇော်သိန်း(ဦးစီးအရာရှိ)
လက်ထောက်ညွှန်ကြားရေးမှူးရုံး
ဆည်မြောင်းဦးစီးဌာန

မြန်မာ့အလင်း သတင်းအဖွဲ့သည် ကျောက်ဆောက်ရေလှောင်တမံသို့ ရောက်ရှိပြီးနောက် ကျောက်ဆောက်တမံကို တာဝန်ယူတည်ဆောက်သော ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးမြတ်ဇော်သိန်းအား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ဦးမြတ်ဇော်သိန်းခင်ဗျား၊ ကျောက်ဆောက်ရေလှောင်တမံနှင့်ပတ်သက်ပြီး တည်ဆောက်ရခြင်း ရည်ရွယ်ချက်နှင့် တမံ၏အချက်အလက်များ သိပါရစေ။

ပခုက္ကူခရိုင် မြိုင်မြို့နယ်ရှိ ကျောက်ဆောက်ရေလှောင်တမံမှ လယ်မြေဧက၁၅၀ကို ဆည်ရေပေးဝေမည့် အလျားပေ၇၀၀၀ရှိ ရေသွယ်တူးမြောင်းမကြီးကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

ဦးမြတ်ဇော်သိန်း။ ။ကျောက်ဆောက်ရေလှောင်တမံ စီမံကိန်းရည်ရွယ်ချက်မှာ ကျောက်ဆောက်တမံ တည်ဆောက်ခြင်းဖြင့် မကွေးတိုင်း မကွေးခရိုင် မြိုင်မြို့နယ်အတွင်း မြေဧရိယာဧက ၁၅၀ကို ဆည်ရေပေးဝေစိုက်ပျိုးနိုင်ရန်နှင့် ဒေသအတွင်း စိမ်းလန်းစိုပြည်ရေးအတွက် ကျောက်ဆောက်ချောင်းပေါ်တွင် တမံတစ်ခုတည်ဆောက်ပြီး ဒေသဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အကူပြုရန် ရည်ရွယ်ပါတယ်။

ကျောက်ဆောက် ရေလှောင်တမံသည် မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ် ကျောက်ဆောက်ကျေးရွာအုပ်စု ကျောက်ဆောက်တောင်ရွာ၏ အနောက်ဘက် တစ်မိုင်ခန့်အကွာရှိ ကျောက်ဆောက်ချောင်းပေါ်တွင် တည်ရှိပါတယ်။ ရေဆင်းဧရိယာကတော့ ၁ဒသမ၅ စတုရန်းမိုင်ရှိပြီး နှစ်စဉ်ပျမ်းမျှစီးဝင်ရေသည် ဧက၃၅၀ပေဖြစ်ပါတယ်။

အမျိုးအစား

တမံအမျိုးအစားကတော့ မြေသားတမံဖြစ်ပြီး တမံအမြင့်ပေမှာ ၂၅ပေ၊ အလျားမှာ ပေ၂၉၀၀ ရှိပြီး တမံအပြည့် ရေလှောင်ပမာဏမှာ ၅၁၉ ဧကပေ ဖြစ်ပြီး ကန်ရေသေရေလှောင်ပမာဏ ပေ၁၁၀ ဖြစ်ပါတယ်။ ကန်ရေပြည့် ရေပြင်ကျယ် ဧရိယာမှာ ၇၅ဧက ဖြစ်ပါတယ်။ ရေထုတ်ပြွန်မှာ သုံးပေ ပတ်လည်ကွန်ကရစ်ဖြင့် တည်ဆောက်ထားပြီး ရေထုတ်ပြွန်ဒီဇိုင်းရေထုစီးနှုန်းမှာ ၅ကုဗပေစက္ကန့်ဖြစ်ပြီး ရေပိုလွှဲအကျယ်မှာ ၂၅ပေရှိပြီး ရေပိုလွှဲ ဒီဇိုင်းရေထုစီးနှုန်းသည် ၃၀၀ကုဗပေ စက္ကန့်ဖြစ်၍ တူးမြောင်းမကြီး အလျားသည် ပေ၇၀၀၀ဖြစ်ပြီး ဆည်ရေပေးဝေနိုင်မည့် ဧရိယာသည် ဧက ၁၅၀ဖြစ်ပါတယ်။ တမံတည်ဆောက်ခြင်း လုပ်ငန်းကို ၃-၈-၂၀၀၇ရက်တွင် စတင် ဆောင်ရွက်ခဲ့ပြီး (၂၃-၃-၂၀၀၈)ရက်တွင် ရာနှုန်းပြည့် တည်ဆောက်ပြီးစီးခဲ့ပါတယ်။

ကူးပြောင်းစိုက်ပျိုး

မြိုင်မြို့နယ်သည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားရပ်ဝန်းဒေသမှာပါပါတယ်။ တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင်တော့ ရေပေါများခြင်းမရှိပါ၊ အခုလိုမျိုးချောင်းကိုပိတ်ပြီး ရေပေးလိုက်မယ်ဆိုရင်တော့ ထိုက်သင့်သလောက် ရေပမာဏကိုရပါမယ်။ စိုက်ပျိုးရေကိုလည်း ရမှာဖြစ်ပါတယ် အခု ယာသီးနှံများကိုသာ အားထားစိုက်ပျိုးနေရာမှ ယာမှလယ် (ယာသီးနှံစိုက်ပျိုးနေရာမှ လယ်သီးနှံစပါး) စိုက်ပျိုးခြင်းကို ကူးပြောင်းစိုက်ပြီး ယာမှလယ်ဖြစ်သွားပါလိမ့်မယ်။

ယခုရှိပြီး ယာစိုက်ပျိုးမြေများမှ လယ်စိုက်ပျိုးနိုင်မှာ ဖြစ်ပါတယ်။ ယခု မိုးစပါးစိုက်ပျိုးနေသော မြေများမှာ ဆည်ရေပေးခြင်းဖြင့် နွေစပါးကိုလည်း စိုက်နိုင်မှာဖြစ်ပါတယ်၊ လက်ရှိစိုက်ပျိုးနိုင်တဲ့ လယ်စိုက်ဧက ၅၉ဧက ကနေ ယာစိုက်နေတဲ့ ၉၁ဧကကို စပါးစိုက်ပျိုးနိုင်တော့မှာဖြစ်လို့ စပါးစိုက် ဧကပေါင်း ၁၅၀ဖြစ်ပြီး နွေရာ မိုးပါရေလှောင်တမံမှ ရေပေးနိုင်ခြင်းဖြင့် လယ်ဧက၁၅၀ စိုက်နိုင်ပျိုးနိုင်တော့မှာ ဖြစ်ပါတယ်ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

မေးမြန်း

မြန်မာ့အလင်းသတင်းအဖွဲ့သည် ကျောက်ဆောက်ရေလှောင်တမံဖွင့်ရန် ဆောင်ရွက်နေခြင်းကို လာရောက်လေ့လာ ကြည့်ရှုကြသော ကျေးရွာသူ ကျေးရွာသားများထဲမှ ကျောက်ဆောက်ကျေးရွာနေ ဦးနီတွေးဆိုသူအား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ဦးနီတွေး။ ။ကျွန်တော့်အမည်မှာ ဦးနီတွေးပါ။ အသက်(၅၇)နှစ်ရှိပြီး အလုပ်အကိုင်က တောင်သူပါ။ တောင်သူလုပ်ငန်းဖြစ်တဲ့ စပါး၊ ပဲတီစိမ်း၊ ဝါ စိုက်ပျိုးပါတယ်၊ ရေလှောင်တမံတည်ဆောက်ပေးလို့ ရေတွေရတော့မယ်ဆိုရင်တော့ သီးနှံများ ပိုမိုစိုက်ပျိုးနိုင်ရတော့မှာဖြစ်လို့ လွန်စွာဝမ်းသာပါတယ်။ ကျွန်တော့်အနေနဲ့ ဆည်ရေ မရနိုင်ပါ။ ဝေးနေတော့ ကျန်တဲ့တောင်သူတွေ ရမှာဖြစ်လို့ ဝမ်းသာပါတယ်၊ အခုလိုရေပေးနိုင်တဲ့ ရေလှောင်တမံကို လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကပဲ မျှော်လင့်စောင့်စားနေပါတယ်။ ကျွန်တော့်လိုပဲ ကျေးရွာသူ ကျေးရွာသားများအားလုံး မျှော်လင့်နေတဲ့ ရေလှောင်တမံကြီး နိုင်ငံတော်အစိုးရက တည်ဆောက်ပေးလို့ ပေါ်ပေါက်လာတာကို ကျွန်တော်နဲ့အတူ အားလုံးသော ဒေသခံပြည်သူများ ဝမ်းသာပျော်ရွှင် ကြရပါတယ်။ မျှော်လင့်နေတာကြာပြီဖြစ်တဲ့ ယခုလိုရေလှောင်တမံကို မြင်တွေ့သုံးစွဲရတော့မှာဖြစ်လို့ ဝမ်းသာလို့မဆုံးကြပါဘူး။

"ရေကိုအမြဲတမ်းလိုလားနေတဲ့ မိုးနည်းရေရှားဒေသက တောင်သူတွေ မျှော်လင့်ချက် ပြည့်စုံလာပါပြီ"

ကိုကြည်ခိုင်ဦး(တောင်သူ)
ကျောက်ဆောက်ကျေးရွာ။

ဆက်လက်၍ တောင်သူမကြီးတစ်ဦးအား တွေ့ဆုံမေးမြန်းကြည့်ရာ-

မေး။ ။အဒေါ်နာမည် ဘယ်လိုခေါ်ပါသလဲ။

ဖြေ။ ။ဒေါ်မှင်လို့ခေါ်ပါတယ်၊ ကျောက်ဆောက်ကျေးရွာမှာ နေပါတယ်၊ အလုပ်အကိုင်က တောင်သူဖြစ်ပါတယ်။ မြေပဲ၊ နှမ်း၊ စပါး၊ ပဲတီစိမ်း စိုက်တာ အားထားလုပ်ပါတယ်၊ လယ်ကတော့ ၁ဒသမ၅ဧက လုပ်ပါတယ်၊ မြေပဲက ငါးဧကလုပ်ပါတယ်၊ တမံပြီးလို့ရေရရင် ကျန်တဲ့မြေ ငါးဧကကို စပါးစိုက်ပါမယ်၊ အခုလို တမံဆောက်ပေးတာကြောင့် ဝမ်းစာအတွက် ဖူလုံမှာဖြစ်လို့ ရွာသူ ရွာသားများအားလုံးကတော့ ဝမ်းသာနေကြပါတယ်။ နိုင်ငံတော်အစိုးရကိုလည်း အများကြီးကျေးဇူးတင်ကြပါတယ်။ ၎င်းနောက် ကျောင်းဆရာမအဝတ်အစားဖြင့် လာသော အမျိုးသမီးတစ်ဦးအားတွေ့ရှိသဖြင့် မေးမြန်းကြည့်သည်။

မေး။ ။ဆရာမနာမည်ဘယ်လိုခေါ်ပါသလဲ၊ ဘယ်ရွာကပါလဲခင်ဗျာ။

ဖြေ။ ။ကျွန်မနာမည် ဆရာမဒေါ်ခင်ခင်နှင်းလို့ ခေါ်ပါတယ်၊ ကျောက်ဆောက် ကျေးရွာ အလယ်တန်းကျောင်း (တွဲဖက်အထက)က ဆရာမပါ။

မေး။ ။ဆရာမ၊ ကျောက်ဆောက်ရေလှောင်တမံ တည်ဆောက်ပေးတာနဲ့ ပတ်သက်ပြီး သဘောထားသိပါရစေ။

ဆရာမ။ ။ကျွန်မတို့ဒေသဟာ မိုးနည်းရေရှားဒေသဖြစ်တော့ အခုလိုရေလှောင်တမံတည်ဆောက်ပေးတာဝမ်းသာပါတယ်။ တမံမတည်ဆောက်မီနှင့် အခု တည်ဆောက်ပြီးကာလဟာ အများကြီးကွာခြားပါတယ်။ တမံမတည်ဆောက်ခင်က ကျောင်းသားတွေ သွားရ လာရတာ အများကြီး အခက်အခဲရှိပါတယ်။ ရွှံ့တွေ ဗွက်တွေကို ရှန်းကန်သွားခဲ့ကြရပါတယ်။ တမံတည်ဆောက်ဖို့ လမ်းတွေဖောက်၊ တံတားတွေဆောက်ထားတာကြောင့် သွားရလာရတာ အများကြီးအဆင်ပြေတာပေါ့။



"ဝမ်းစာအတွက်ဖူလုံတော့မှာဖြစ်လို့ ရွာသူ ရွာသားများ ဝမ်းသာနေကြပါတယ်"

ဒေါ်မှင်(တောင်သူ)
ကျောက်ဆောက်ကျေးရွာ။

၎င်းနောက် ကျောင်းတက်ရန်လာနေသော ကျောင်းသူတစ်ဦးအား တွေ့ဆုံမေးမြန်းပါသည်။

မေး။ ။သမီးအမည်နဲ့ ရွာအမည် ပြောပါဦး၊ ကျောင်းသူပဲလား။

ဖြေ။ ။ကျွန်မနာမည်က မေသန္တာလှိုင်ပါ၊ ကျောက်ဆောက်ကျေးရွာမှာနေပါတယ်။ တက္ကသိုလ်ဝင်တန်းကျောင်းသူပါ။

"ရွှံ့တွေ၊ ဗွက်တွေကို ရှန်းကန်သွားလာခဲ့ရာက တမံဆောက်လို့၊ လမ်းတွေ ဖောက်ပေးတာကြောင့် သွားလာရတာ အဆင်ပြေသွားပါပြီ"

ဒေါ်ခင်ခင်နှင်း
ကျောင်းဆရာမ(အလယ်တန်းပြ)
ကျောက်ဆောက်ကျေးရွာ။

မေး။ ။သမီးတို့ ဒီဆည်ဆောက်တာနဲ့ပတ်သက်လို့ ဘယ်လိုခံစားကြရပါသလဲ။

ဖြေ။ ။ဒီဆည်မဆောက်ခင်က ကျောင်းကိုသွားလာရတာ၊ မိုးအခါမှာအလွန်ဒုက္ခရောက်ပါတယ်။ ရွှံ့ဗွက်တွေကို ရှောင်ရှားသွားရတာကြောင့် အချိန်တွေကြာပါတယ်။ အခုလို ဆည်ဆောက်တော့ လမ်းတွေဖောက်ပြီး လုပ်ကြတာကြောင့် ကျွန်မတို့လည်း ဆည်ကိုအမီပြုပြီး သွားလာရေး လွယ်ကူပါတယ်။ နွေနွေမိုးမိုးသွားလာရေး အဆင်ပြေပါတယ်။ စက်ဘီးနှင့်လည်းသွားနိုင်ပါတယ်။ အချိန်မကုန်တာကြောင့် စာကျက်ချိန်လဲပိုရတာပေါ့၊ အခုလို အချိန်ကုန်သက်သာ၊ သောက်ရေသုံးရေရတဲ့ ဆည်ဆောက်ပေးတဲ့ နိုင်ငံတော်အစိုးရကို ကျေးဇူးတင်တာပေါ့။

၎င်းနောက် ကျောက်ဆောက်ကျေးရွာမှလာသော ရွာသားတစ်ဦးအား တွေ့ဆုံ၍ မေးမြန်းကြည့်ရာ-

မေး။ ။နာမည်ပြောပါဦး၊ ဘယ်ကျေးရွာက လာပါသလဲ။

ဖြေ။ ။ကျွန်တော်က ကျောက်ဆောက်ကျေးရွာက ကြည်ခိုင်ဦးဖြစ်ပါတယ်။

မေး။ ။ဆည်တည်ဆောက်တာနဲ့ပတ်သက်ပြီး သဘောထားသိပါရစေ။

ဖြေ။ ။ကျွန်တော်ကတော့ ကျွန်တော်တို့ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို မျှော်လင့်ခဲ့ပါတယ်။ ကျွန်တော့်အသက် ၃၁နှစ်ရှိပါပြီ။ အခုမှ မျှော်လင့်ချက်ပြည့်စုံပြီလို့ ဆိုရပါမယ်။ ကျွန်တော်တို့ ကျေးရွာအုပ်စုသည် နိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားဒေသမှာ နေရတဲ့အတွက် ရေကိုအမြဲတမ်းလိုလားနေကြပါတယ်။ ကျွန်တော်တို့ကျေးရွာ အုပ်စုမှာ အိမ်ထောင်စုပေါင်း လေးရာကျော်ရှိပါတယ်။ လူဦးရေနှစ်ထောင်ကျော်ရှိပါတယ်။ ဒေသဝမ်းစာဖူလုံဖို့ဆိုတာ လွန်စွာအရေးကြီးပါတယ်။ စပါးသီးနှံ စိုက်ပျိုးနိုင်မယ့် ဆည်ဆောက်ပေးတဲ့အတွက် ကျွန်တော်တို့ များစွာဝမ်းသာရပါတယ်။ တမံကြီးပြီး၍ ရေတွေပေးလို့ ရေရရင် စိုက်ပျိုးနိုင်ကြတော့မှာဖြစ်လို့ ဝမ်းစာဖူလုံတော့မှာဖြစ်ပါတယ်။ တမံတည်ဆောက်ပေးတဲ့အတွက် သွားရေးလာရေးအဆင်ပြေပြီး၊ ပညာရေးအတွက် ကျောင်းသားများ သွားလာမှုလွယ်ကူပြီး ဖွံ့ဖြိုးတိုးတက်တော့မှာဖြစ်ပါတယ်။ ဆည်ကြီးပြီးသွားတာမို့ စီးပွားရေး၊ လူမှုရေး၊ ပညာရေးမှာ အစစဖွံ့ဖြိုးတိုးတက်လာမှာဖြစ်လို့ နိုင်ငံတော်အစိုးရအဖွဲ့မှ ပုဂ္ဂိုလ်အားလုံးကို ကျေးဇူးတင်လို့မဆုံးပါဘူးဟု ဖြေကြားသွားခဲ့သည်။

"သွားလာရေးအဆင်ပြေလို့ အချိန်မကုန်ဘဲ စာကျက်ချိန် ပိုရပါတယ်"

မမေသန္တာလှိုင်
တက္ကသိုလ်ဝင်တန်းကျောင်းသူ
(တွဲဖက်-အထက)
ကျောက်ဆောက်ကျေးရွာ။

အကျိုးဖြစ်ထွန်း

ကျောက်ဆောက်ရေလှောင်တမံ စီမံကိန်းတည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် ဒေသအတွင်း သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာ၍ တောင်သူတစ်ဦးချင်း ဝင်ငွေတိုးတက်လာသည်နှင့်အမျှ လူမှုစီးပွားဘဝတိုးမြင့်လာမည်ဖြစ်ရာ နိုင်ငံတော်နှင့်ဒေသခံပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းတစ်ခု ပေါ်ထွန်းလာခြင်းဖြစ်ကြောင်း ဖော်ပြလိုက်ရပါတော့သည်။ ။

(မြန်မာ့အလင်း)

မြိုင်မြို့နယ် ကျောက်ဆောက်ရေလှောင်တမံ၏ ကျောက်စီနံရံ သံကူကွန်ကရစ်အမျိုးအစား အကျယ်၂၅ပေရှိ ရေပိုလွှဲကို ဤသို့တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

ရုပ်သေးဆရာ ဦးဖိုးခြံ၏ ရသေ့ရှစ်သောင်းဇာတ်ထုပ်

နာမည်ကျော် ရုပ်သေးဆရာကြီး ဦးဖိုးခြံအကြောင်း တင်ပြလိုပါသည်။ ဦးဖိုးခြံသည် ရုပ်သေးပွဲအလွန်ကြိုက်သော မိခင်က မွေးဖွားခဲ့သူဖြစ်သည်။ သူ့မိခင်သည် ကိုယ်ဝန်အရင့်အမာကြီးနှင့် နေ့မွေးမလား၊ ညမွေးမလား အခြေအနေမှာပင် ရွာဦးကျောင်းဘုရားပွဲမှ ရုပ်သေးပွဲကိုကြည့်စဉ် ဗိုက်နာလာသဖြင့် အိမ်ပြန်ချိန်ပင်မရ၊ ပွဲခင်းနှင့်မလှမ်းမကမ်း ချုံပုတ်တစ်ခုအတွင်းဝင်ကာ မီးဖွားလိုက်ရသည်။ အငြိမ့်အဖွဲ့မှ ဆိုင်းသံနားထောင်ရင်း မွေးလာသောကလေးကို ဖိုးခြံဟု နာမည်ပေးခဲ့သည်။

ချုံပုတ်ထဲတွင် မွေးခဲ့ရ၍ မောင်ဖိုးခြံဟုတွင်သော ထိုသူငယ်သည် မိခင်ထံမှ ရုပ်သေးပွဲကြိုက်သော အမွေရသည်။ ရုပ်သေးမှန်သမျှ လိုက်ကြည့်ရင်း အရွယ်ရောက်သော် ရုပ်သေးကြိုးဆွဲ ဆရာကိုဖိုးခြံဖြစ်လာသည်။ ရုပ်သေးဝါရင့်သည်နှင့်အမျှ ကိုဖိုးခြံသည် ဆင်ရုပ်၊ မြင်းရုပ်၊ မျောက်ရုပ်၊ ဇော်ဂျီရုပ်၊ ဘီလူးရုပ်၊ ငှက်ရုပ်၊ ဘုရင်ရုပ်၊ ဝန်ကြီးရုပ်၊ မင်းသားရုပ်၊ မင်းသမီးရုပ်များကို ကျွမ်းကျင်စွာကြိုးဆွဲတတ်သည်။ စွယ်စုံဦးဖိုးခြံ ဖြစ်လာသည်။ ရုပ်သေးဇာတ်ကောင်တို့၏ အသံများကိုလည်း ကျွမ်းကျင်ပိုင်နိုင်စွာ ဆိုနိုင်၊ ပြောနိုင်သည်။ စာတတ်သဖြင့်၊ စာဖတ်သဖြင့် ဝမ်းစာပြည့်သည်။ ပြောရာ၊ ဆိုရာ၌လည်း စာဘောင်ပဲ့သူအဖြစ် ထင်ရှားသည်။

ဦးဖိုးခြံ အသက်ခြောက်ဆယ်ကျော်၊ ခုနစ်ဆယ်တွင်းရောက်သည့်တိုင် ရုပ်သေးလုပ်ငန်းကို မစွန့်လွှတ်၊ ကိုယ်တိုင်ရုပ်သေးအဖွဲ့ကို တည်ထောင်၊ ကိုယ်တိုင်ကြိုးဆွဲ၊ ကိုယ်တိုင်ပြော-ဆို-ငို၊ ကိုယ်တိုင်ဇာတ်နိပါတ်များကို မှီပြီး ဇာတ်ထုပ်များ ရေးသားဆဲ၊ ဇာတ်စကား၊ ဇာတ်စာ၊ ဇာတ်ဝင်တေးသီချင်းများ ရေးဆဲ ဖြစ်သည်။

မြစ်ဝကျွန်းပေါ်ဒေသတွင် ဦးဖိုးခြံ၏ရုပ်သေးအဖွဲ့ မကဖူးသောမြို့ မရှိသေး။ ယခုလည်း မြစ်ဝကျွန်းပေါ်ဒေသမှ ဘုရားပွဲတော်ကျင်းပမည့်မြို့လေးသို့ ဦးဖိုးခြံ၏ရုပ်သေးအဖွဲ့ကပြရန် ဘုရားပွဲတော်ကော်မတီနှင့် စာချုပ်ထားပြီးဖြစ်သည်။ ဦးဖိုးခြံ၏ပဒုကုသလဇာတ်၊ ပဒုမဇာတ်၊ ဒွေးမယ်နော်ဇာတ်၊ ဥပကနှင့် မဆာဝါဇာတ်၊ ပဋ္ဌာစာရီဇာတ်များကို မြစ်ဝကျွန်းပေါ်က ကြိုက်ကြသည်။

ရန်ကုန်မြို့ မိုးကောင်းဘုရားပွဲတော်တွင် ဦးဖိုးခြံ၏စွယ်စုံရုပ်သေးသဘင်အဖွဲ့ ငါးညကပြပြီးပြီ။ ဂေါပကအဖွဲ့က တစ်ညတိုးကပေးရန် မေတ္တာရပ်ခံသော်လည်း ဦးဖိုးခြံက မြစ်ဝကျွန်းပေါ်မှ ပွဲစဉ်အပျက်မခံနိုင်၊ စာချုပ်အတိုင်း ကပြရန် မော်တော်ငယ်တစ်စင်းဖြင့် ရုပ်သေးဆိုင်းသေတ္တာ၊ ရုပ်သေးရုပ်သေတ္တာများနှင့် ရုပ်သေးအဖွဲ့သားများတင်ကာ ရန်ကုန်မြို့မှ ထွက်ခွာခဲ့သည်။ လမ်းတစ်လျှောက် ဦးဖိုးခြံတစ်ယောက် ကပြမည့်ဇာတ်ထုပ်များ ရှေ့ပိုင်းထိုးဇာတ်(အော်ပရာ)များကို ရွေးချယ်စဉ်းစားလာခဲ့သည်။

လမ်းခုလတ်မှာပင် မိုးသက်လေပြင်းဒဏ်ခံရသည်။ ဝဲတစ်ခုရှိရာသို့ မော်တော်ကိုလေပြင်းက တွန်းပို့လိုက်သလိုဖြစ်သွားပြီး မော်တော်မှောက်သည်။ လူလွတ်အောင်မနည်းကူးခတ်ကြရသဖြင့် ဆိုင်းသေတ္တာ၊ ရုပ်သေးရုပ်သေတ္တာများကို မည်သူမျှမဆယ်နိုင်ကြ။ အသက်ဘေးလွတ်အောင် ကိုယ်လွတ်ရုန်းပြီး ကူးခတ်နေကြရသည်။ ဇာတ်အဖွဲ့သားများ၏ ကယ်ပါယူပါ အသံများက ပတ်ဝန်းကျင်၌ ဖုံးလွှမ်းနေသည်။ ရွာဆက်ဝေးနေသဖြင့် ကယ်သူပေါ်မလာ။

မော်တော်နစ်ပြီး ရုပ်သေးဆိုင်းနှင့် ရုပ်သေးရုပ်များဆုံးရှုံးရခြင်းမှာ ဦးဖိုးခြံအတွက် ကမ္ဘာပျက်ခြင်းပင်တည်း။ ဦးဖိုးခြံသည် ဒီဇယ်ဆီထည့်သော ပလတ်စတစ်ပုံးလွတ် တစ်ခုကို ဖက်တွယ်ကူးခတ်ရင်း ညဘက်ဘုရားပွဲတော်တွင် မိမိရုပ်သေးအဖွဲ့ ကပြခြင်းမပြုနိုင်ဖြစ်ရသည်ကို ပိုမိုဝမ်းနည်းနေမိသည်။ ထိုစဉ် ဦးဖိုးခြံအနီးတွင် ရုပ်သေးရုပ်တစ်ခုပေါ်လာရာ ဦးဖိုးခြံက ဖမ်းဆွဲယူလိုက်သည်။ ရသေ့ရုပ်ကလေးတစ်ရုပ် ဖြစ်နေသည်။

သမ္ဘာရင့်၊ ဝါရင့်ရုပ်သေးဆရာကြီးပီပီ ဦးဖိုးခြံသည် ရသေ့ရုပ်သေးရုပ်ကလေးဖြင့်ပင် ယနေ့ညရုပ်သေးပွဲဖြစ်အောင်ကပြရန် ဆုံးဖြတ်လိုက်သည်။ ဆိုင်းကိုတော့ မြို့ခံဆိုင်းအဖွဲ့ငှားမည်၊ အလွယ်ကူဆုံးနည်းဖြင့် ဇာတ်တိုက်တီးလုံးတိုက်ရန် ကြိုတင်စိတ်ကူးပြင်ဆင်ရင်း ကမ်းဘက်အရောက်ကူးခတ်လာခဲ့သည်။ ကံကောင်းသည်မှာ ရုပ်သေးအဖွဲ့ဝင်အားလုံး အသက်ဘေးလွတ်ခဲ့ကြခြင်းဖြစ်သည်။ မကြာမီ အကြိုလိုက်လာသော မြို့ခံမော်တော်က သူတို့ကို ကယ်ဆယ်တင်ဆောင်သွားသည်။ ဘုရားပွဲဂေါပကအဖွဲ့က ဦးဖိုးခြံအား စိတ်မကောင်းကြောင်း၊ ဝမ်းနည်းကြောင်း၊ ယခုည ရုပ်သေးမကနိုင်သည့်အတွက် စိတ်မချမ်းမသာ မဖြစ်စေလိုကြောင်း၊ ဆရာတော်ကလည်း ဦးဖိုးခြံကို အားပေးစကားမှာကြားကြောင်း ပြောပြသည်။

ဦးဖိုးခြံကမလျှော့၊ မြို့ခံဆိုင်းအဖွဲ့ကိုသာငှားပေးပါ၊ မိမိအနေဖြင့် ယခုည ရုပ်သေးပွဲဖြစ်အောင်ကမည်ဟု ပြောကြားသည်။ ကပြမည့်ဇာတ်ထုပ်အမည်ကိုလည်း ဦးဖိုးခြံကပေးလိုက်သည်။ “**ရသေ့ရှစ်သောင်းဇာတ်**” ဟူ၍ဖြစ်သည်။

ညဘက်ဘုရားပွဲလာသူများက ဦးဖိုးခြံ၏ စွယ်စုံရုပ်သေးသဘင်အဖွဲ့ မော်တော်နစ်မြုပ်၍ ဇာတ်ဆိုင်း၊ ရုပ်သေးရုပ်ကအစ ဆုံးရှုံးရပုံကို စုတ်တသပ်သပ်ဖြင့် ပြောကြားသည်။ ဤကြားထဲမှာပင် ဦးဖိုးခြံသည် ရုပ်သေးပွဲဖြစ်အောင် ကပြမည်ဆိုသည်ကိုလည်း အံ့ဩချီးကျူးရင်း လာရောက်အားပေးကြရာ ပွဲခင်းလျှံသွားရလေတော့သည်။ မြို့ခံဆိုင်းက ပရိသတ်ခေါ် ဆိုင်းသံပေးနေပေပြီ။ အချိန်တန်သောအခါ ဦးဖိုးခြံက ပရိသတ်ကို မိမိတို့အဖွဲ့ မော်တော်နစ်ပုံကအစ အသေးစိတ် နတ်သံပစ်တော့သည်။ ပရိသတ်ကလည်း စုတ်သပ်ကြသည်။

ရသေ့ရှစ်သောင်းဇာတ်ထုပ်ကြီး စတင်ခင်းပေပြီ။ ဆိုင်းက ကြိုးဘွဲ့ခံပေးလိုက်သည်။ ဦးဖိုးခြံသည် ဇာတ်စင်တစ်ဖက်မှ ရသေ့ရုပ်ကလေးကို ပရိသတ်ရှေ့ထုတ်ပြပြီး ရသေ့ဟန်(ဇာတ်ဟန်)အပြည့်ဖြင့် ဇာတ်စင်အလယ်အထိ လျှောက်လှမ်းလာစေသည်။

“ဤသည်ကား တာပသရသေ့ဖြစ်တော့သကိုး”

ဦးဖိုးခြံ၏ အောင်မြင်ခဲ့ညားသောအသံဖြင့် ရသေ့ရုပ်နှင့် ပရိသတ်ကို မိတ်ဆက်ပေးသည်။ တာပသရသေ့၏ ငယ်စဉ်ဘဝနှင့် ရသေ့ဘဝအကြောင်းကို ကာရန်နဘော၊ ပါဋ္ဌိပါဋ္ဌ်သား လွှမ်းကဲထုံးမွှမ်းစွာ ပြောကြားပေးသည်။ ရသေ့ရုပ်ကိုလည်း ဇာတ်ခုံပေါ် ဟိုဘက်ထိပ်မှ သည်ဘက်ထိပ်ရောက်အောင် အပြန်အလှန် လျှောက်ပြသည်။ ထို့နောက် ရသေ့ရုပ်ကို ဇာတ်စင်တစ်ဖက်မှ တစ်ဆင့် အတွင်းဘက်သွင်းလိုက်သည်။

ဆိုင်းက ကြိုးဘွဲ့ခံတီးပေးနေစဉ် ထိုရသေ့ရုပ်ကိုပင် ဇာတ်စင်တစ်ဖက်မှ ထုတ်လာပြန်သည်။

“ဤသည်ကား ဥရုဝေလရသေ့ကြီးဖြစ်တော့သကိုး” ဟု ဘွဲ့အမည်တပ်မိတ်ဆက်ကာ ရသေ့ကြီးနောက်ကြောင်း၊ ရှေ့ကြောင်းများကို ရွတ်ပြနေတော့သည်။ ဥရုဝေလရသေ့ကြီး ဇာတ်စင်နောက်ပြန်ဝင်သွားပြီး နောက်ရသေ့တစ်ပါး ထွက်လာပြန်၏။

“ဤသည်ကား ဂယာသိရသေ့ကြီး ဖြစ်တော့သကိုး”

ဤသို့ဖြင့် မိုးသာစင်စင်လင်းရော ရသေ့ရှစ်သောင်းစလုံး ထုတ်ပြမိတ်မဆက်ပေးနိုင်သေး၊ ပရိသတ်ကို ငဲ့ပြီး ဦးဖိုးခြံက ဤသို့ ဇာတ်သိမ်းစကားပြောရင်း ရသေ့ရှစ်သောင်းဇာတ်ကို အဆုံးသတ်လိုက်ရသောဟူ၏။

“ပရိသတ်တို့ရေ…အချို့သော ရသေ့များကား ချဉ်ဆားအလို့ငှာ ရပ်ရွာများသို့ အလှူခံထွက်ကြ၊ အချို့ကား ဂူအောင်းပြီး တရားကျင့်ကြံနေသဖြင့် ယခုပရိသတ်ရှေ့ အကုန်ကြွမလာနိုင်တာခွင့်လွှတ်ကြ၊ သည်းခံကြ၊ အရေးကြီးဆုံးကတော့ ရသေ့ရှစ်သောင်းဟာ မြတ်ဗုဒ္ဓတရားတော်မြတ်ကို ခံယူကျင့်ကြံအားထုတ်ကြရင်း နိဗ္ဗာန်ဘောင်ခရီးကို တရားမဂ္ဂင်ဖောင်ကြီးစီးပြီး နိဗ္ဗာန်ရောက်ကုန်ကြပြီဖြစ်ရာ ပရိသတ်တို့လည်း နိဗ္ဗာန်သို့ တက်လှမ်းနိုင်အောင် ကျင့်ကြံပွားများ အားထုတ်ကြပါမယ့်အကြောင်း ကျွန်တော် မောင်ဖိုးခြံ စွယ်စုံရုပ်သေးသဘင်အဖွဲ့ကြီးက အကျိုးမျှော်နိုးဆော်လိုက်ရပါတယ်ခင်ဗျာ၊ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ။”

ဦးဖိုးခြံလည်း ရသေ့ရုပ်ကလေးတစ်ရုပ်တည်းဖြင့် ရသေ့ရှစ်သောင်းဇာတ် ကပြနိုင်ခဲ့သည်။ ပရိသတ်တို့ကလည်း ရသေ့ရှစ်သောင်းဆိုသည်မှာ ထိုရေမျောကမ်းတင် တစ်ရုပ်တည်းသော ရုပ်သေးရုပ်ရသေ့ဖြစ်ကြောင်း ကောင်းကောင်းသိလိုက်ကြပေသည်။

* * * *

(၂)

ယနေ့ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း နှစ်ရာကျော်ရှိသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသို့ ဝင်ရောက်ပြီးသော နိုင်ငံပေါင်း၁၉၂နိုင်ငံဖြစ်သည်။ ယနေ့ ဖွံ့ဖြိုးဆဲနိုင်ငံများဟုတွင်သော နိုင်ငံပေါင်း ၁၅၀ကျော်သည် လွန်ခဲ့သည့် ၁၈ရာစု၊ ၁၉ရာစုမှ ၂၀ရာစုတစ်ဝက်ခန့်အထိ ဥရောပမှ နယ်ချဲ့နိုင်ငံကြီး ဒါဇင်ဝက်ခန့်၏ ကျူးကျော်ကျွန်ပြု သွေးစုပ်ခံခဲ့ကြရသည်။ ဒုတိယကမ္ဘာစစ်အပြီး ကျွန်ပြုခံနိုင်ငံများက လွတ်လပ်ရေးတိုက်ပွဲများဆင်နွှဲကာ လွတ်လပ်လာခဲ့ကြသည်။ ကုလသမဂ္ဂကလည်း ကိုလိုနီစနစ်ခေါ် ကျူးကျော်သိမ်းပိုက် ကျွန်ပြုသွေးစုပ်သောစနစ်ကို ဖျက်သိမ်းခဲ့သည်။

သို့သော်-ယနေ့ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ ကနေဒါ၊ ဒတ်ချ်၊ ဒိန်းမတ်၊ ဩစတြေးလျ၊ နယူးဇီလန်နိုင်ငံတို့၏ လက်အောက်တွင် ကျွန်ပြုခံနိုင်ငံ(သို့မဟုတ်)ကိုလိုနီနယ်မြေ ၆၀ခန့် ရှိနေဆဲဖြစ်သည်။ အများစုမှာ ပင်လယ်၊ သမုဒ္ဒရာများရှိ ကျွန်းနိုင်ငံများဖြစ်သည်။ ယင်းကျွန်းနိုင်ငံများကို အနောက်နယ်ချဲ့နိုင်ငံများက စီးပွားရေးစားကျက်အဖြစ် သုံးသည်။ ရေကြောင်းသွားလာရေး၊ သယ်ယူပို့ဆောင်ရေး အချက်အချာ စခန်းများအဖြစ် သုံးသည်။ နယ်ချဲ့နိုင်ငံကြီးများ၏ လေတပ်၊ ရေတပ်၊ မရင်းတပ်၊ ဒုံးကျည်တပ်စခန်းချရာအဖြစ် သုံးသည်။ ယနေ့ကမ္ဘာတွင် ကိုလိုနီ(ကျွန်ပြု)စနစ်(ဝါ)နယ်ချဲ့စနစ်မရှိဟု မည်သူအာမခံနိုင်ပါသနည်း။

နယ်ချဲ့ဝါဒ(ကိုလိုနီဝါဒ)ဆိုသည်မှာ ကျူးကျော်ကျွန်ပြုခံရသော နိုင်ငံများအတွက် လူဖြစ်ရှုံးပြီး ကျူးကျော်သိမ်းပိုက်သော နိုင်ငံများအဖို့ “ပွပေါက်” ချည်းဖြစ်သည်။ ကျွန်ပြုခံနိုင်ငံများမှ ထွက်ကုန်ပစ္စည်း၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သဘာဝသယံဇာတပစ္စည်းများ(သစ်၊ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ရွှေ၊ ငွေ၊ ကြေး၊ သွပ်၊ သံ၊ ကျောက်မျက်ရတနာမျိုးစုံ၊ စိုက်ပျိုးရရှိသောဂျုံ၊ ဆန်စပါး၊ ပဲမျိုးစုံ၊ ဝါဂွမ်းစသည့် ကောက်ပဲသီးနှံများ)ကို နယ်ချဲ့တို့ အလွယ်တကူ နှိုက်ယူသွားမည်။ မူလဒေသခံပြည်သူများကို ဖိနှိပ်မည်၊ ညှဉ်းပန်းမည်၊ နာလန်မထူနိုင်အောင် အညွန့်ချိုးမည်။ ယနေ့နယ်ချဲ့နိုင်ငံကြီးများ ချမ်းသာနေခြင်းမှာ ၎င်းတို့ပညာတော်လွန်း၍ချည်းမဟုတ်၊ စက်မှုလုပ်ငန်း ကြီးထွားလွန်း၍ချည်းမဟုတ်၊ အခြားနိုင်ငံများမှ ထွက်ကုန်များ၊ သယံဇာတများ၊ ပြည်သူတို့၏ လုပ်အားများကို ကြံ့ရည်ကြိတ်စက်ဖြင့် ကြိတ်ယူသလို ယူသွားကြပြီး ချမ်းသာနေကြခြင်းဖြစ်သည်။

ကုလသမဂ္ဂ ကိုလိုနီစနစ် (ကျူးကျော်၊ တိုက်သိမ်း၊ ရေရှည်စိုးမိုးကာ ယင်းကျွန်ပြုခံနိုင်ငံ၏ ခေနဥစ္စာများ လုယူသောစနစ်)မျိုးကို လက်မခံ၊ ဖျက်သိမ်းထားသည်။ သို့သော် အရင်းရှင်နယ်ချဲ့နိုင်ငံကြီးများတွင် လူဦးရေက တိုးလာသည်။ စက်မှုလုပ်ငန်းက တိုးပွားလာသည်။ ထိုအခါ စက်မှုကုန်ကြမ်း၊ စွမ်းအင်လောင်စာ၊ လူတို့၏လုပ်အားများကို အလကားနီးနီးဖြင့်ရအောင် နယ်ချဲ့လိုကြသည်။ ကိုယ်ရှိက ကိုယ့်ကြိုက်ဈေးနှင့်ရောင်း၊ ကိုယ်လိုတာ သင့်ရာဈေးပေးဝယ်ကြမည်ဆိုလျှင် နယ်ချဲ့စရာမလိုပေ။ သို့သော် ဝိသမလောဘမှ တကယ့်ဝိသမလောဘ ဖုံးလွှမ်းကာ ကိုလိုနီပုံစံသစ်ဖြင့် နိုင်ငံများစွာကို ကြိုးကိုင်၊ ခြယ်လှယ်၊ သွေးစုပ်နိုင်ရန် ညစ်မျိုးစုံစွာ အသုံးပြု နယ်ချဲ့နေကြပေသည်။

နိုင်ငံတစ်ခုကို ၎င်း(နယ်ချဲ့)တို့ လက်ဝယ်ရောက်ရှိရန်(၁)အားနည်းပျော့ညံ့လွန်းသော နိုင်ငံငယ်များ၊ အစိုးရငယ်များက မိမိတို့နိုင်ငံကို ကြိုက်သလိုသုံးရန် ထိုးဆပ်သောနည်း၊ (၂) ယင်းနိုင်ငံမှ လူထုတင်ထားသော အစိုးရ၊ တရားဝင်အစိုးရ၊ ဒီမိုကရေစီနည်းကျ အစိုးရဖြစ်ပါစေ ၎င်းတို့ခြယ်လှယ်သွေးစုပ်ရန် အခွင့်မသာလျှင် ထိုနိုင်ငံမှ တရားဝင်အစိုးရများ ပြုတ်ကျစေရန် လုပ်နည်း။ ပြီးတော့….၎င်းတို့ကြိုးကိုင်သမျှခံမည့် ရုပ်သေးအစိုးရ တင်ပေးနည်း၊ (၃) အကြမ်းဖက်မှု အန္တရာယ်၊ နျူကလီးယားအန္တရာယ်၊ ဒေသတွင်းနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးအန္တရာယ်ပုဒ်မတစ်ခုခု (ယင်းပုဒ်မ သို့မဟုတ် စွပ်စွဲချက် မှန်စရာမလို) အသုံးပြုပြီး ဖိအားပေး၊ အကျပ်ကိုင်၊ နောက်ဆုံး စစ်ရေးကျူးကျော်တိုက်ခိုက်သိမ်းပိုက်နည်းတို့ သုံးတတ်ကြသည်။

ဇာတ်ဆရာ မောင်ကျောက်ဒိုး

နိုင်ငံတစ်ခု၏ မဲဆန္ဒရှင်သန်းပေါင်းများစွာက မဲပေးတင်မြှောက်ထားသော အစိုးရများကို နယ်ချဲ့ကြီးက မကြိုက်လျှင်၊ လူဦးရေထောင်ဂဏန်းလောက်ကို ဆန္ဒပြဆူပူစေပြီး ထိုအစိုးရအား နုတ်ထွက်ရန် အနောက်ပါးစပ်များ၊ အနောက်မီဒီယာများက ဖိအားပေးဖြုတ်ချသည်။ ဤသည်ကို ပြည်သူ့စွမ်းအားဒီမိုကရေစီဟု နာမည်တပ်လိုတပ်၊ အဝါရောင်၊ လိမ္မော်ရောင်၊ အစိမ်းရောင် တော်လှန်ရေးစသည့် အရောင်တော်လှန်ရေးနာမည်တပ်လိုတပ် လုပ်ကြသည်။

ကမ္ဘာတွင် နိုင်ငံတကာ၏ အချုပ်အခြာအာဏာကို ချိုးဖောက်ကျူးကျော်သိမ်းပိုက်၊ အဆီစုပ်နေသော နယ်ချဲ့နိုင်ငံကြီးများက ယနေ့ “ဟိုနိုင်ငံလူ့အခွင့်အရေးချိုးဖောက်သည်”၊ “ဒီနိုင်ငံဒီမိုကရေစီဆန့်ကျင်သည်”၊ “အဲ…ဟိုနိုင်ငံ အကြမ်းဖက်သမားများ လက်ခံသည်”စသည်ဖြင့် ၎င်းတို့ ပါးစပ်နှင့်မတန်မရာ အော်ဟစ်စွပ်စွဲနေပေသည်။ နယ်ချဲ့တစ်နိုင်ငံ(သို့မဟုတ်) နယ်ချဲ့ဒေဝဒတ်ဂိုဏ်းဝင် နိုင်ငံအနည်းငယ်က မကြိုက်သည်ကို နိုင်ငံတကာက မကြိုက်၊ ကမ္ဘာက မကြိုက်ဟု မုသားလိုင်စင်ရများပီပီ ကူလီကူမာ၊ ကလိမ်ကကျစ် ပြောလေ့ရှိသည်။ နယ်ချဲ့တို့၏အပြစ်မဲ့ ဘာသာကွဲ၊ အယူကွဲနိုင်ငံများအပေါ် အသားလွတ်ကျူးကျော်ကာ ယင်းနိုင်ငံများမှ ရေနံကဲ့သို့သော သယံဇာတများ လုယက်ယူငင်နေပုံကို ကမ္ဘာက မကြိုက်၍ ကန့်ကွက်ကြသည်။ ထိုအခါမျိုးတွင် နယ်ချဲ့ကြီးများက မသိကျိုးကျွန်လုပ်ကာ ကြောင်ရိုက်မနာ လုပ်ပြကြသည်။ ၎င်းတို့ နယ်ချဲ့အုပ်စု သုံး၊ လေးနိုင်ငံလောက်က မကြိုက်သည်ကိုမူ တစ်ကမ္ဘာလုံးက မကြိုက်ဟု ပြောရဲကြသည်။

မြန်မာနိုင်ငံတွင် နယ်ချဲ့သမားနှင့်အပေးအယူ၊ လက်ဝါးရိုက်ကာ ၎င်းတို့အာဏာရဖို့ အဓိက၊ နယ်ချဲ့တို့ ကြိုက်သလိုသာ လုပ်ကြ၊ မြန်မာပြည်သူများနာချင်သလောက် နာပစေဆိုသော အုပ်စုမျိုးလည်းရှိသည်။ ထိုအဖွဲ့ကို ပြည်ပနယ်ချဲ့များက ဗန်းတင်ပေးလေ့ရှိသော စကားလုံးမှာ “ပြည်သူလိုလားထောက်ခံသော ပါတီ၊ခေါင်းဆောင်”ဟူ၍ဖြစ်သည်။ အမှန်စင်စစ် ပြည်သူတစ်ရပ်လုံးက နယ်ချဲ့ကိုအသေမုန်းပြီးသားဖြစ်သည်။ သူ့ကျွန်ဘဝသို့ မည်သည့်ပုံစံနှင့်မျှ ပြန်မရောက်လိုကြ။ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးကိုသာ အလေးထားပြီး နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ကို မေလအတွင်းက ၉၂ဒသမ၄ရာခိုင်နှုန်းဖြင့် ထောက်ခံအတည်ပြုပေးခဲ့ပြီးလည်း ဖြစ်သည်။

NLD ၊ ပြည်ပြေးများ၊ လက်ကျန်သောင်းကျန်းသူများနှင့် နယ်ချဲ့ကြီးများက ပြည်သူတို့အား အခြေခံဥပဒေကို ကြက်ခြေခတ်ပြီး ကန့်ကွက်ရန် အမြှုပ်ထွက်အောင် အော်ခဲ့ကြပြီးပြီ။ လက်တွေ့၌ ၆ ရာခိုင်နှုန်းကသာ အခြေခံဥပဒေကို ကန့်ကွက်မဲပေးခဲ့ကြသည်။ အမှန်စင်စစ် NLD ၏ ထိပ်တိုက်ရင်ဆိုင်ရေးလုပ်ရပ်၊ ပြည်ပမှ ပိတ်ဆို့မှုများကို လက်ယပ်ခေါ်ခဲ့သော မွဲဆေးဖော်လုပ်ရပ်၊ ပြည်သူ့ဆန္ဒကို ထိပ်တိုက်ဆန့်ကျင်သောလုပ်ရပ်များကြောင့် ပြည်သူ၏ဝိုင်းပယ်ဆန့်ကျင်ခံနေရသည့် NLD ၊ သမိုင်း၏ဒဏ်ခတ်ခံနေရသည့် NLD၊ ပါတီဝင်များ နွေဦးရာသီ၌ သစ်ပင်ပျို၊ သစ်ပင်အိုတို့မှ ရွက်ဟောင်းများကြွေကျ၊ မြေသကဲ့သို့ တဖြုတ်ဖြုတ် နုတ်ထွက်ကုန်ကြရာ ယနေ့ဆိုလျှင် ပါတီဝင်ဦးရေမှာ လက်ချိုးရေတွက်၍ ရနေပြီဖြစ်သည့် NLD သည် ပြည်သူ့ထောက်ခံမှုဟူ၍လည်း ဘဲဥပင်မကွဲသော အခြေဆိုက်နေပေသည်။ သို့သော်လည်း နယ်ချဲ့ပါးစပ်များမှာတော့ NLD ကို တစ်နိုင်ငံလုံးမှ ပြည်သူများက ထောက်ခံသည်ဟု အော်ဟစ်နေဆဲဖြစ်ပေသည်။

မည်သို့ဆိုစေ ယင်းတို့ နယ်ချဲ့နိုင်ငံ (နယ်ချဲ့နိုင်ငံ ဒါဇင်ဝက်ခန့်အနက်မှ အဆိုးသွမ်းဆုံး၊ ကောက်ကျစ်ယုတ်မာဆုံးနယ်ချဲ့နိုင်ငံ)တစ်ခုတလေ၏ သဘောထားကို ကမ္ဘာ့သဘောထားဟု ကမ္ဘာနှင့်ကိုင်ပေါက်နေသော နယ်ချဲ့ပါးစပ်များ၊ ပြည်သူတစ်စုံတစ်ယောက်၏ ထောက်ခံမှုမှ မရရှိသည့်၊ ပါတီဝင်များ စုံကန်ထွက်သွားခြင်းခံနေရသည့် NLD ကို တစ်နိုင်ငံလုံးက ထောက်ခံသည့်ပါတီဟု ပါးစပ်မှ အမြှုပ်ထွက်အောင် အော်ဟစ်နေသူများအကြောင်း စဉ်းစားတိုင်း ဇာတ်ဆရာ မောင်ကျောက်ဒိုးသည် ရုပ်သေးဆရာကြီး ဦးဖိုးခြံ ရသေ့ရုပ်တစ်ရုပ်တည်းဖြင့် ရသေ့ရှစ်သောင်းဇာတ်ထုပ်ကပြသွားခဲ့သည်ကို သတိရလိုက်မိပါသည်။

“ဤသည်ကား တာပသရသေ့ ဖြစ်တော့သည်။”

“ဤသည်ကား ဥရုဝေလရသေ့ ဖြစ်တော့သည်။”

“ဤသည်ကား ဂယာသိရသေ့ ဖြစ်တော့သည်”။ ။

ယနေ့နယ်ချဲ့နိုင်ငံကြီးများ ချမ်းသာနေခြင်းမှာ ၎င်းတို့ ပညာတော်လွန်း၍ချည်းမဟုတ်၊ စက်မှုလုပ်ငန်း ကြီးထွားလွန်း၍ချည်း မဟုတ်၊ အခြားနိုင်ငံများမှ ထွက်ကုန်များ၊ သယံဇာတများ၊ ပြည်သူတို့၏ လုပ်အားများကို ကြံ့ရည်ကြိတ်စက်ဖြင့် ကြိတ်ယူသလို ယူသွားကြပြီး ချမ်းသာနေကြခြင်းဖြစ်သည်။

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

တောင်ပံကစားသမားရိုက်ဖီးလစ် အသင်းဟောင်း မန်စီးတီးနှင့် စာချုပ်

လန်ဒန် ဩဂုတ် ၂၉

မန်စီးတီးအသင်းသည် ၎င်းတို့၏ ကွင်းလယ်တောင်ပံကစားသမား ရိုက်ဖီးလစ်အား ချယ်လ်ဆီးအသင်းမှ ပြန်လည်ခေါ်ယူ စာချုပ်လိုက်ပြီဖြစ်သည်။

အသက် ၂၆နှစ်ရှိ အင်္ဂလန်ဘောလုံးသမား ရိုက်ဖီးလစ်သည် မန်စီးတီးနှင့် ထုတ်ဖော်ကြေညာခြင်း မပြုသော ပြောင်းရွှေ့ကြေးဖြင့် လေးနှစ်စာချုပ်ခဲ့ခြင်းဖြစ်သည်။

ထုတ်ဖော်ပြောကြား

မိမိသည် မန်စီးတီးသို့ ပြန်လည်ရောက်ရှိခဲ့သဖြင့် ဝမ်းသာပျော်ရွှင်မိကြောင်း၊ အသင်းသစ်နှင့်အသစ်ပြန်မစလိုတော့ကြောင်း အသင်း၏ ဝက်ဘ်ဆိုက်သို့ ရိုက်ဖီးလစ်က ပြောကြားခဲ့သည်။ မန်စီးတီးနည်းပြ မာ့စ်ဟုချ်က မိမိသည် ရိုက်ဖီးလစ်၏ဘောလုံးစွမ်းရည်ထက်မြက်မှုကို အမြဲလေးစားခဲ့ကြောင်း၊ မန်စီးတီးအသင်းသို့ မိမိရောက်ကတည်းက ရိုက်ဖီးလစ်သည် မိမိခေါ်ယူရန် ပစ်မှတ်ထားသူတစ်ဦးဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

(အင်တာနက်)

တရုတ်ဘောလုံးကြယ်ပွင့်ဒေါင်ဖန်ဆူးအား မန်ယူအသင်းက ထွက်ခွာခွင့်ပြု

လန်ဒန် ဩဂုတ် ၂၉

တရုတ်ဘောလုံးကြယ်ပွင့် တိုက်စစ်မှူးဒေါင်ဖန်ဆူးသည် မန်ယူအသင်းနှင့် နှစ်ဦးနှစ်ဖက် သဘောတူညီချက်အရ ၎င်း၏ လက်ကျန်စာချုပ်ကို ဖျက်သိမ်းလိုက်ပြီဖြစ်သည်။

ပြောင်းရွှေ့ခဲ့

၂၀၀၄ခုနှစ်က ကနဦးပြောင်းရွှေ့ ကြေးပေါင် ၅၀၀၀၀၀ ဖြင့် ဒါလီယန်ရှီဒီမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ခဲ့သူ ဒေါင်ဖန်ဆူးသည် အိုးထရက်ဖို့ဒ်၌ ပထမပွဲထွက် ကစားသမားအဖြစ် သုံးပွဲသာ ပါဝင်ကစားနိုင်ခဲ့သည်။

ပါဝင်ကစား

ဒေါင်ဖန်ဆူးသည် ကနဦးက ရှိုင်ရယ်ဘယ်လ်ဂျီယံမှ အန့်တွာအသင်းတွင် နှစ်နှစ်ကြာသွားရောက်ကစားခဲ့ရာ ၆၁ပွဲကစားရာတွင် ၃၅ဂိုးသွင်းယူနိုင်ခဲ့သည်။ ဒေါင်ဖန်ဆူးသည် ၂၀၀၇ခုနှစ် မေလက မန်ယူအသင်းတွင် ၎င်း၏ပွဲဦးထွက်ပွဲစဉ်အဖြစ် ချယ်လ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည်။ သို့သော် ပြီးခဲ့သည့် ဘောလုံးရာသီက နှစ်ပွဲသာ ပါဝင်ကစားခွင့်ရခဲ့သည်။

(အင်တာနက်)



အမ်ကေဒွန်းစ်အသင်းခေါင်းဆောင် ဘလက်ဘန်းအသင်းက စာချုပ်ခေါ်ယူ

လန်ဒန် ဩဂုတ် ၂၉

ဘလက်ဘန်းအသင်းသည် အမ်ကေဒွန်းစ်အသင်းမှ အသင်းခေါင်းဆောင် ကိတ်အင်ဒရူးစ်အား ပြောင်းရွှေ့ကြေး ပေါင်၇၅၀၀၀၀မှ ဈေးအမြင့်ဆုံး ပေါင်တစ်သန်းအတွင်းဟု ယူဆရသည့်ပြောင်းရွှေ့ကြေးဖြင့် သုံးနှစ်စာချုပ်ဖြင့် ခေါ်ယူစာချုပ်လိုက်သည်။

ပြန်လည်ပေါင်းစည်း

ယခုကဲ့သို့ ကွင်းလယ်ကစားသမား အင်ဒရူးစ်အား ခေါ်ယူစာချုပ်လိုက်ခြင်းသည် လိဂ်ကလပ် အမ်ကေဒွန်းစ်ကို ကိုင်တွယ်ခဲ့ပြီး ဇွန်လကမှ ဘလက်ဘန်းအသင်းသို့ ပြောင်းရွှေ့ကိုင်တွယ်ခဲ့သူ ဘလက်ဘန်းနည်းပြပေါလ်အင့်နှင့် အင်ဒရူးစ်တို့အား ပြန်လည်ပေါင်းစည်းပေးလိုက်ခြင်းပင်ဖြစ်သည်။

ပြောကြား

ဘလက်ဘန်းအသင်းကဲ့သို့ ဘောလုံးအင်အားတောင့်တင်းခိုင်မာသော ပရီမီယာလိဂ်ကလပ် တစ်ခုသို့ ရောက်ရှိခဲ့ခြင်းသည် မိမိလက်မလွှတ်သင့်သည့် အခွင့်အရေးကို ရယူခဲ့ခြင်းပင်ဖြစ်ကြောင်း အသက် ၂၇နှစ်ရှိ အင်ဒရူးစ်က ပြောကြားသည်။

(အင်တာနက်)

ချစ်စိုးနိုင် စုစည်းတင်ပြသည်

ကွင်းလယ်ကစားသမားကက်စတီလို အဲဗာတန်နှင့် အငှားစာချုပ်

လန်ဒန် ဩဂုတ် ၂၉

အဲဗာတန်အသင်းသည် အီကွေဒေါ ကွင်းလယ်ကစားသမား ဆီဂန်ဒိုကက်စတီလိုအား အပြီးသတ်စာချုပ်ချုပ်ဆို ခေါ်ယူလိုက်ပြီဖြစ်သည်။

မျှော်လင့်

အသက် ၂၆နှစ်ရှိ ကက်စတီလိုသည် အဲဗာတန်အသင်းနှင့် တစ်ရာသီအငှားစာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး အဲဗာတန်အသင်းသည် ဩဂုတ် ၃၀ရက်(**ယနေ့**)တွင် ပရီမီယာလိဂ်ပွဲစဉ်အဖြစ် ပို့စ်မောက်နှင့် ကစားမည့်ပွဲစဉ်တွင် ပွဲထုတ်ရန်မျှော်လင့်ထားသည်။

၃၃ပွဲ

ကက်စတီလိုသည် အီကွေဒေါ လက်ရွေးစင်အသင်းအတွက် ၃၃ပွဲပါဝင်ကစားခဲ့သည်။ ၎င်းသည် ဒိန်းမတ်ခံစစ်မှူး ခရစ္စတီယန်ဂျာကော့စ်ဆင်အား ခေါ်ယူပြီးနောက် ဒုတိယမြောက်ခေါ်ယူစာချုပ်သောကစားသမားဖြစ်သည်။ (အင်တာနက်)

ချန်ပီယံလိဂ်အုပ်စုခွဲမှုအပေါ် နည်းပြအချို့ ဖွင့်ဟစကား

လန်ဒန် ဩဂုတ် ၂၉

၂၀၀၈-၂၀၀၉ ဘောလုံးရာသီအတွက် ချန်ပီယံလိဂ်အုပ်စုခွဲမှုတွေကို ဩဂုတ် ၂၉ရက်က စာရင်းထုတ်ပြန်လိုက်ပြီဖြစ်တာမို့ ထွက်ပေါ်လာတဲ့ ပွဲစဉ်တွေအရ လက်ရှိချန်ပီယံမန်ယူဟာ အုပ်စု(င)မှာ ဆဲလ်တစ်၊ ဗီလာရီးရဲလ်နဲ့ ဒိန်းမတ်ကလပ် အယ်ဘော့တို့နဲ့ တစ်အုပ်စုတည်းကျနေတာတွေ့ရပါတယ်။ အုပ်စုအနေအထားကိုကြည့်ရင် မန်ယူဟာ စကော့တလန်ချန်ပီယံ ဆဲလ်တစ်ကိုပဲ ခက်ခက်ခဲခဲကစားရမှာဖြစ်ပြီး စပိန်ကလပ် ဗီလာရီးရဲလ်နဲ့ ဒိန်းမတ်ကလပ် အယ်ဘော့တို့ကိုတော့ စိုးရိမ်စိတ်ကြီးကြီးနဲ့ ကစားရမှာတော့မဟုတ်ပါဘူး။

မန်ယူနဲ့ ဆဲလ်တစ်တို့ဟာ ၂၀၀၆-၂၀၀၇ ဘောလုံးရာသီရဲ့ ချန်ပီယံလိဂ်ပွဲစဉ်တွေမှာ ဆုံတွေ့ခဲ့ဖူးပါတယ်။ အဲဒီတုန်းက ဆဲလ်တစ်အိမ်ကွင်းမှာ

ပွဲကြီးပွဲကောင်းဖြစ်လာမှာ သေချာပါတယ်။
ဖာဂူဆန်

ဆဲလ်တစ်တို့က တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ယူခဲ့ပေမယ့် အိုးထရက်ဖို့ဒ်မှာတော့ မန်ယူတို့က သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ယူခဲ့တာမို့ ဆဲလ်တစ်တို့ ချန်ပီယံလိဂ်က ထွက်ခွာခဲ့ရဖူးပါတယ်။

မြင်တွေ့

အခု ဆဲလ်တစ်နဲ့ တစ်အုပ်စုတည်းကျနေပြန်တာမို့ အခုပြန်တွေ့မယ့် ဆဲလ်တစ်နဲ့ပွဲဟာ တကယ့်ကို ပွဲကြီးပွဲကောင်းအဖြစ် မြင်တွေ့ကြရဦးမှာဖြစ်ပါတယ်လို့ မန်ယူအမှုဆောင်အရာရှိချုပ် ဒေးဗစ်ဂီးလ်က ပြောကြားနေပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် နှစ်သင်းစလုံးရဲ့ ပရိသတ်တွေအတွက်ကတော့ ဒီပွဲဟာ အကြိုက်တွေ့စေမယ့်ပွဲအဖြစ် မြင်တွေ့ကြရမှာ ဖြစ်တယ်လို့လဲ ဆိုနေပါတယ်။

အမြဲတမ်းအခက်အခဲတွေကို ကျော်ဖြတ်နေကျပါ။
ဘင်နီတက်ဇ်

အလေးအနက်ထားကစား

အခုထွက်ပေါ်လာတဲ့ ချန်ပီယံလိဂ် အုပ်စုခွဲမှုနဲ့ပတ်သက်ပြီး နည်းပြဖာဂူဆန်ကတော့ "ချန်ပီယံလိဂ်ဝင်ခွင့်ရတဲ့ အသင်းတိုင်းဟာ ထိုက်တန်တဲ့ အရည်အချင်းတွေ ကိုယ်စီရှိနေကြတဲ့ အသင်းချည်းပါပဲ။ ဘယ်အသင်းမှ လျှော့တွက်လို့ မရတာမို့ အသင်းတိုင်း အလေးအနက်ထား ကစားသွားရမှာပါ။ ဆဲလ်တစ်အသင်းဟာ မာကျောတဲ့ အသင်းဖြစ်သလို စပိန်ကလပ် ဗီလာရီးရဲလ်ကလည်း ခြေစွမ်းထက်တဲ့ အသင်းကောင်း ဖြစ်ပါတယ်။အဲဒီလိုပဲ အယ်ဘော့အသင်းကလည်း စကော့ချန်ပီယံမို့အသင်းတိုင်းကို အားထည့်ကစားရမှာပါ။ ကျွန်တော်တို့အုပ်စုချောင်တယ်လို့ ပြောလို့မရပါဘူး"လို့ပြောကြားခဲ့ပါတယ်။

ခက်ခက်ခဲခဲ ဖြတ်သန်းရမယ်။
အာစင်ဝင်းဂါး

အနိုင်ယူတတ်

ဒီ့အပြင်ချန်ပီယံလိဂ် အုပ်စုခွဲမှုတွေထွက်ပေါ်လာတဲ့အပေါ် ချယ်လ်ဆီးနည်းပြ စကိုလာရီက "ကျွန်တော်တို့အနေနဲ့ ဘယ်အသင်းနဲ့ပဲ တစ်အုပ်စုတည်းကျကျ ပြဿနာမရှိပါဘူး။ ချန်ပီယံလိဂ်ဖလားရယူဖို့ဆိုတာ အခက်အခဲပေါင်းများစွာကျော်ဖြတ်ပြီးမှရတာပါ။ အုပ်စုထဲက အသင်းတွေရဲ့အနေအထားကြည့်ရင် ရိုးမားအသင်းဟာ အင်္ဂလန်အသင်းတွေကို အနိုင်ယူတတ်လေ့ရှိတာကို သတိထားမိပါတယ်။ ရိုမေးနီးယားကလပ် စီအက်ဖ်အာရ်ကလည်း ကျွန်တော်တို့ကို အခက်အခဲ ဖြစ်စေနိုင်တာပါပဲ"လို့ပြောကြားခဲ့ပါတယ်ချယ်လ်ဆီးဟာ အုပ်စု(က)မှာ ရိုးမား၊ ဘော်ဒိုး၊ စီအက်ဖ်အာရ် အသင်းတွေနဲ့ တစ်အုပ်စုတည်း ကျရောက်နေတဲ့ အသင်းလည်း ဖြစ်ပါတယ်။

ဖွင့်ဟပြောကြား

ဒီလိုပါပဲ ချန်ပီယံလိဂ်အုပ်စု(ဃ)မှာ ပါဝင်တဲ့ လီဗာပူးအသင်းဟာ ပီအက်စ်ဗွီ၊ မာဆေးလ်၊ အက်သ

ဘယ်အသင်းနဲ့ ကစားရ ကစားရ ပြဿနာ မရှိပါဘူး။
စကိုလာရီ

လက်တီကိုမက်ဒရစ်အသင်းတွေနဲ့ တစ်အုပ်စုတည်းကျနေပါတယ်။ ဒါကြောင့် အုပ်စုကျပ်တဲ့ အနေအထားဖြစ်နေတာမို့ လီဗာပူးနည်းပြ ဘင်နီတက်ဇ်က "ကျွန်တော်တို့အတွက်ကတော့ စိန်ခေါ်မှုပြင်းထန်ပေမယ့် ကျော်လွှားသွားနိုင်မှာပါ။ လီဗာပူးဟာ အမြဲတမ်းအခက်အခဲတွေကို ရင်ဆိုင်ကျော်ဖြတ်လေ့ရှိတဲ့ အသင်းဖြစ်တယ်ဆိုတာ သမိုင်းမှာ သက်သေတွေ ပြခဲ့ပြီးပါပြီ"လို့ အုပ်စုပွဲစဉ်တွေ ထွက်ထွက်ပြီးချင်းမှာ ဖွင့်ဟပြောကြားခဲ့ပါတယ်။

ခက်ခက်ခဲခဲဖြတ်ကျော်

ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(ဆ)မှာ ပါဝင်တဲ့ အာဆင်နယ်အသင်းဟာ ပေါ်တို၊ ဖီနာဘာချီ၊ ဒိုင်နမိုကိဗ်အသင်းတွေနဲ့ တစ်အုပ်စုတည်း ကျနေပါတယ်။ ချန်ပီယံလိဂ်အုပ်စုခွဲမှု ထွက်ပေါ်လာတာနဲ့ ပတ်သက်ပြီး အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက "အုပ်စုပွဲတွေမှာ ခက်ခက်ခဲခဲတော့ ဖြတ်သန်းရမယ်"လို့ ဆိုနေပါတယ်။ ဒါကြောင့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်တွေအရ အင်္ဂလန်လေးသင်းဟာ ခက်ခဲသော ခရီးကြမ်းကို ဖြတ်ကျော်ကြရမှာ ဖြစ်ပါကြောင်း။ ။

ချန်ပီယံလိဂ်အုပ်စုအလိုက် အသင်းများ၏ အနေအထား

အုပ်စု(က)	အုပ်စု(ခ)	အုပ်စု(ဂ)	အုပ်စု(ဃ)
ချယ်လ်ဆီး	အင်တာမီလန်	ဘာစီလိုနာ	လီဗာပူး
ရိုးမား	ဝါဒါဘရီမင်	စပို့တင်းလစ္စဘွန်း	ပီအက်စ်ဗွီ
ဘော်ဒိုး	ပနာသီနာကို့စ်	ဘာဆဲလ်	မာဆေးလ်
စီအက်ဖ်အာရ်	ဖာမာဂူစတာ	ရှက်တာဒိုးနက်	အက်သလက်တီကို

အုပ်စု(င)	အုပ်စု(စ)	အုပ်စု(ဆ)	အုပ်စု(ဇ)
မန်ယူ	လိုင်ယွန်	အာဆင်နယ်	ရီးရဲမက်ဒရစ်
ဗီလာရီးရဲ	ဘေယန်မြူးနစ်	ပေါ်တို	ဂျူဗင်တပ်စ်
ဆဲလ်တစ်	ဘူခါရက်	ဖီနာဘာချီ	ဇင်းနစ်
အယ်ဘော့	ဖီအိုရင်တီးနား	ဒိုင်နမိုကိဗ်	ဘာတေးဘိုရီဆော့

(အင်တာနက်)

မောင်မောင်မြင့်ဆွေ သုံးသပ်ရေးသားတင်ပြသည် | စာမျက်နှာဖွဲ့စည်းမှု-ဉာဏ်ဟိန်းစိုး

ဝက်စ်ဘရွန်းခံစစ်မှူး ပေါလ်ရော်ဘင်ဆင် အသင်းနှင့် နှစ်နှစ်ထပ်မံစာချုပ်

လန်ဒန် ဩဂုတ် ၂၉

ဝက်စ်ဘရွန်းအသင်းနောက်ခံလူ ပေါလ်ရော်ဘင်ဆင်သည် အသင်းနှင့် ၂၀၁၀ ပြည့်နှစ်တိုင်အောင် နှစ်နှစ်စာချုပ်သစ် ထပ်မံချုပ်ဆိုလိုက်သည်။

ယင်းစာချုပ်အရ အသက် ၂၉နှစ်ရှိ ရော်ဘင်ဆင်သည် ယင်းစာချုပ်သက်တမ်း ကုန်ဆုံးသည့်အခါ ဘောလုံးရာသီတစ်ရာသီ ထပ်မံတိုးချဲ့ကစားလိုသည့်ဆန္ဒရှိပါက ဆက်ကစားနိုင်ရန်ရွေးချယ်ခွင့်ရှိသည်။

ကစားခဲ့

ဝက်စ်ဘရွန်းအသင်းနှင့်အတူ ပရီမီယာလိဂ်ပွဲစဉ်များကိုပါဝင်ကစားခဲ့သူ ရော်ဘင်ဆင်သည် ၂၀၀၃ ခုနှစ်က ဝက်စ်ဖို့ဒ်အသင်းမှ ဝက်စ်ဘရွန်းအသင်းသို့ ပေါင် ၂၅၀၀၀၀ဖြင့်ပြောင်းရွှေ့လာသူဖြစ်သည်။ ရော်ဘင်ဆင်သည် ဝက်စ်ဘရွန်းအသင်းတွင် ပြီးခဲ့သည့်ဘောလုံးရာသီက ပွဲပေါင်း ၂၀၃ပွဲပါဝင်ကစားခဲ့ပြီး ပွဲတိုင်းနီးပါး ပါဝင်ကစားခဲ့သူဖြစ်သည်။ (အင်တာနက်)

ယူအက်စ်အိုးပင်း ဖလားပြိုင်ပွဲ ဒုတိယအဆင့် ရာဖေးလ်နာဒယ် အနိုင်ရရှိ

နယူးယောက် ဩဂုတ် ၂၉

နယူးယောက်မြို့၌ကျင်းပသော အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ရာဖေးလ်နာဒယ်သည် လက်ရည်စစ်ပွဲအောင်လာသူ အမေရိကန်မှ ရှိုင်လာဒီဟတ်အား သက်သောင့်သက်သာဖြင့်အနိုင်ရခဲ့သည်။

ကမ္ဘာ့အဆင့်(၁)ရှိ ရာဖေးလ်နာဒယ်သည် ကမ္ဘာ့အဆင့်(၂၆၁)ရှိ ပြိုင်ဘက် ဒီဟတ်အား ၆-၁၊ ၆-၂၊ ၆-၄ဖြင့် အနိုင်ရရှိပြီး တတိယအဆင့်သို့ တက်ရောက်သွားပြီဖြစ်သည်။

အနိုင်ရရှိ

အသက် ၂၄နှစ်ရှိ ဒီဟတ်သည် ပထမအဆင့်တွင် အိုလီဗာရိုချမ့်စ်အား အနိုင်ရရှိခဲ့သည်။ (အင်တာနက်)

အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်၌ အနိုင်ရရှိသွားသည့် ရာဖေးလ်နာဒယ်၏ အောင်ပွဲခံဟန်။

30-8 (11).pmd 1 8/31/2008, 2:43 AM

ရေဝတီတိုင်း ဆားလုပ်ငန်းများ ပြန်လည်ထူထောင် ရာသီအမီ လျာထားချက်နှင့်အညီ ကြိုးစားထုတ်လုပ်

နေပြည်တော် ဩဂုတ် ၂၉

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ဩဂုတ် ၂၅ရက်က လပွတ္တာခရိုင် ဟိုင်းကြီးကျွန်းမြို့ ဘုန်းတော်ပြည့် ခုံကြီးကျေးရွာသစ်ရှိ ရွှေသံလွင်၊ အရဏ်ဦး ကုမ္ပဏီအုပ်စုရှင်းလင်းဆောင်၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဧရာဝတီတိုင်း ဆားလုပ်ငန်းများ ပြန်လည်ထူထောင်ရေးနှင့် ဆားရာသီအမီ သတ်မှတ်လျာထားချက်နှင့်အညီ ကြိုးစားထုတ်လုပ်သွားကြရေးနှင့် စပ်လျဉ်း၍ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ဩဂုတ် ၂၆ရက် နံနက်ပိုင်းက ဟိုင်းကြီးကျွန်းမြို့ရှိ ကျောက်ကလပ်ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာပြန်လည်တည်ဆောက်ပြီးစီးမှုများ၊ လပွတ္တာ-သုံးခွ-အုတ်တွင်း ထိပ်စွန်းလမ်းဖောက်လုပ်ပြီးစီးနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

တက်ရောက်အားပေး

ထို့နောက်ဝန်ကြီးသည် ကျောက်ကလပ်ကျေးရွာ သဲသောင်ပြင်၌ ကျင်းပသည့် သတ္တုတွင်း ဝန်ကြီးဒိုင်း ကျေးရွာအုပ်စု သဲသောင်ပြင်ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို တက်ရောက်ချီးမြှင့်အားပေးပြီး အနိုင်ရဗိုလ်စွဲသွားသည့် မကျီးချိုင်ကျေးရွာ ဘောလုံးအသင်းအား ဒိုင်းဆုနှင့်အတူ တစ်ဦးချင်းဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဝန်ကြီးသည် ကျောက်ကလပ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများအားတွေ့ဆုံ၍ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

ယင်းနောက်ဝန်ကြီးသည် ဘုန်းတော်ပြည့် ခုံကြီးကျေးရွာသစ်၌ နေအိမ်များ ပြန်လည်တည်ဆောက်ပြီးစီးမှု အခြေအနေများ၊ သောက်သုံးရေကန်အသစ် တူးဖော်ပြီးစီးမှု၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူထားမှုများ၊ ကျေးရွာအတွင်း စည်ကားနေမှုများကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

စစ်ကိုင်းမြို့မဈေး ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

စစ်ကိုင်း ဩဂုတ် ၂၉

စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများဆယ်တင်ခြင်းကို ဩဂုတ် ၂၀ရက် က ဒုတိယဦးစီးမှူး(ဈေး) ဦးဝဏ္ဏအောင်နှင့် အဖွဲ့ဝန်ထမ်းများ ကွင်းဆင်းကြပ်မတ်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

သတိပေးကြေညာချက်

၁။ ရန်ကုန်မြို့တွင်း Down Town(၆)မြို့နယ်အတွင်းသို့ ဝင်ရောက်လာသော ခရီးသည်တင်ယာဉ်လိုင်းများသည် ပူးပေါင်းအဖွဲ့များဖြင့် ကြပ်မတ်ထိန်းသိမ်းသည့်အခါတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအား တိကျစွာလိုက်နာမှုရှိသော်လည်း ကြပ်မတ်ထိန်းသိမ်းမှုမရှိသည့်အခါတွင် ပြန်လည်စည်းကမ်းချိုးဖောက်မှုများ ကျူးလွန်လေ့ရှိကြောင်း တွေ့ရှိရသဖြင့် အောက်ဖော်ပြပါ စည်းကမ်းများအား တိကျစွာလိုက်နာသွားရန်-

(က) ရန်ကုန်မြို့တွင်း Down Town (၆)မြို့နယ်၌ ရပ်နားမည့်မှတ်တိုင်တူပါက ယာဉ်တစ်စီးနှင့်တစ်စီး ကျော်တက်ခြင်း မပြုရန်။

(ခ) မိမိသတ်မှတ်ထားသော မှတ်တိုင်တွင်သာ ရပ်နားရမည်။ မိမိမှတ်တိုင်မဟုတ်သော အခြားနေရာမှတ်တိုင်တို့တွင် ရပ်နားခြင်းမပြုရ။

(ဂ) ယာဉ်နှစ်ထပ်ရပ်ခြင်း မပြုရ။

(ဃ) ယာဉ်တစောင်းရပ်ခြင်းမပြုရ။

(င) နောက်ကားရောက်ရှိက ရှေ့ကားထွက်ခြင်းအား တိကျစွာလိုက်နာရမည်။

(စ) မီးပွိုင့်တွင် ခရီးသည်စောင့်ဆိုင်း တင်ဆောင်ခြင်းမပြုရ။

၂။ အထက်ပါစည်းကမ်းချက်များကို လိုက်နာခြင်းမရှိသည့် ခရီးသည်တင်ယာဉ်များအား ယာဉ်မောင်းနှင်ခွင့်လိုင်စင်၊ စပယ်ယာလိုက်ခွင့်လိုင်စင်နှင့် ယာဉ်လိုင်းပြေးဆွဲခွင့်တို့အား ပိတ်သိမ်းသည်အထိ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ပညာသင်ထောက်ပံ့ငွေ ချီးမြှင့်ပေးအပ်

ရန်ကုန် ဩဂုတ် ၂၉

ဗဟန်းမြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကကြီးမှူး၍ ဗဟန်းမြို့နယ်အတွင်းရှိ အမက၊ အလက၊ အထက ကျောင်းများမှ ၂၀၀၈-၂၀၀၉ ပညာသင် ကျောင်းသားကျောင်းသူများအား ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို အထက(၂)ဗဟန်း ကျောင်းအားကစားခန်းမ၌ ဩဂုတ် ၂၄ရက်နံနက် ၉နာရီက ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အုန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နိုင်နိုင်အောင်က ရာသက်ပန်အသင်းဝင်၂၀၀၇ဦး၏ အဆိုပြုလွှာများကို ရန်ကုန် အနောက်ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌသို့ ပေးအပ်သည်။

ဆက်လက်၍ ၂၀၀၈-၂၀၀၉ပညာသင်ကျောင်းသားကျောင်းသူများတွင် ဆေး

ကျောင်းသားတစ်ဦးအား ငွေကျပ် ၅၀၀၀၀၊ အထက်တန်းဆင့်ငွေကျပ် ၈၀၀၀၊ အလယ်တန်းဆင့် ငွေကျပ် ၆၀၀၀၊ မူလတန်းဆင့် ငွေကျပ် ၄၀၀၀နှင့် ကျောင်းသားဦးရေ ၂၃၅ ဦးအား စုစုပေါင်းငွေကျပ် ၁၃သိန်းကို ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ နှင့် မြို့နယ်အတွင်းရှိအလှူရှင်များက ထောက်ပံ့ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

နယ်လှည့်စာကြည့်တိုက်နှင့် ဟောပြောပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၉

တာမွေမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော နယ်လှည့်စာကြည့်တိုက်နှင့် ဟောပြောပွဲ အခမ်းအနားကို ဩဂုတ် ၂၅ရက်က အလက (၁၁)တာမွေကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်မြင့်အေးနှင့် ကျောင်းအုပ်ဆရာမကြီးဒေါ်တင့်တင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် တာမွေမြို့နယ် အမှတ်(၁၁)အခြေခံပညာအလယ်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်တင့်တင့်က အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်အေးက ရည်မှန်းချက်ထားအမြဲကြိုးစား ခေါင်းစဉ်ဖြင့်ဟောပြောကာ ဟောပြောပွဲအပြီးတွင် ကျောင်းသား ကျောင်းသူများက ပြသထားသော စာအုပ်၊ စာစောင်များကို လေ့လာဖတ်ရှုကြသည်။

(မြို့နယ် ပြန်/ဆက်)

လွှဲပြောင်းပေးအပ်

ဩဂုတ်၂၆ရက်က ရန်ကုန်အရှေ့ပိုင်း ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနမှ လက်ထောက်ခရိုင်ဦးစီးမှူး ဦးကျော်စွာလွင်နှင့် ဒဂုံ မြို့သစ် (တောင်ပိုင်း) မြို့နယ် ဦးစီးဌာနမှူး ဦးထွန်းထွန်း ဦးဆောင်သောအဖွဲ့ စစ်မှုထမ်းဟောင်း ကျေးရွာအုပ်စုတွင်ဆောင်ရွက်ပြီးစီးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားများအား ကျေးရွာဥက္ကဋ္ဌ ဦးဝဏ္ဏထံ လွှဲပြောင်းပေးအပ်စဉ်။ (ခရိုင် လဝက)

30-8 (12).pmd 1 8/31/2008, 2:43 AM

AMERICAN VISION PROFESSIONAL EYE CARE CENTRE

သင့်မျက်လုံးအတွက် လိုအပ်သမျှအားလုံး တစ်နေရာထဲမှာ ပြီးပြည့်စုံစွာ ဆောင်ရွက်နိုင်သော

အမေရိကန်စွီးရှင်း ၁၅ နှစ်မြောက်အထိမ်းအမှတ် အထူးအစီအစဉ်

မြန်မာပြည်၏ မူလပထမ အမေရိကန်စွီးရှင်း တွင်

Up to 30% Discount အထူးလျှော့ဈေးနှုန်းဖြင့်

စက်တင်ဘာ ၃၀ ရက်နေ့အထိ ရောင်းချပေးနေပါပြီ။

AMERICAN VISION (U.S.A) မှ နောက်ဆုံးပေါ် နည်းစနစ်များအတိုင်း

American Vision

AMERICAN VISION

Color Contact Lens

Buy One Get One Free

လွယ်ဂျယ်၌ မြေယာရှူခင်းအလှ ဆောင်ရွက်

ဖန်းမော် ဩဂုတ် ၂၉

ဖန်းမော်ခရိုင် လွယ်ဂျယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေးအတွက် ဩဂုတ် ၁၅ရက်ကတာဝန်ခံအရာရှိဦးသောင်းမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝဏ္ဏတို့ ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများက မြို့တွင်းနာရီစင်အနီး မြေယာရှုခင်း အလှဆောင်ရွက်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မန္တလေးဆေးတက္ကသိုလ်(၁၉၈၃-၁၉၉၃) ပညာသင်သူငယ်ချင်းများအားလုံးသို့-

မန္တလေးဆေးတက္ကသိုလ်တွင် ၁၉၈၃-၁၉၉၃ အထိ အတူတကွ ပညာသင်ကြားခဲ့ကြသော သူငယ်ချင်းအားလုံး၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၈-၁၂-၂၀၀၈ရက်တွင် မန္တလေးမြို့၌ ကျင်းပမည်ဖြစ်ရာသူငယ်ချင်းအားလုံး ပါဝင်ဆင်နွှဲနိုင်ရန် အောက်ပါသူငယ်ချင်းများ၏ဖုန်းနံပါတ်များကို အမြန်ဆုံးဆက်သွယ်ကြပါရန်နှင့် အလှူထည့်ဝင်ငွေများကို ၃၀-၁၁-၂၀၀၈ရက် နောက်ဆုံးထားပြီးပေးပို့ကြပါရန် အကြောင်းကြားအပ်ပါသည်။

ရန်ကုန်

ဒေါက်တာခင်စန်းဝင်း	ဖုန်း-၀၉-၈၀-၃၁၇၈၄
ဒေါက်တာသင်းသင်းခိုင်	ဖုန်း-၀၉-၅၁-၄၆၄၆၃
ဒေါက်တာတင်တင်အေး	ဖုန်း-၀၁-၅၁၂၉၄၆

မကွေး

ဒေါက်တာအောင်ဇော်လင်း	ဖုန်း-၀၉-၅၃၄၀၃၉၇
ဒေါက်တာလဲ့လဲ့သိမ်း	ဖုန်း-၀၉-၅၃၄၀၄၂၂

မန္တလေး

ဒေါက်တာဇော်မြင့်	ဖုန်း-၀၉-၂၀၀၁၀၄၇
ဒေါက်တာသွင်ကျော်ကျော်	ဖုန်း-၀၉-၂၀၅၁၀၆၆
ဒေါက်တာကျော်စိုးဝင်း	ဖုန်း-၀၉-၅၀၂၈၀၉၁
ဒေါက်တာကျော်မင်းဦး	ဖုန်း-၀၉-၂၀၀၇၂၉၅
ဒေါက်တာမြင့်မြင့်အေး	ဖုန်း-၀၉-၂၀၀၂၇၇၉
ဒေါက်တာလှဖုန်း	ဖုန်း-၀၉-၂၀၀၁၅၁၁
ဒေါက်တာခိုင်ပန်းအုံ	ဖုန်း-၀၉-၂၀၂၈၉၂၀

လားရှိုး

ဒေါက်တာမြင့်ကျော်	ဖုန်း-၀၉-၂၃၁၀၆၅
ဒေါက်တာသန်းရွှေ	ဖုန်း-၀၉-၅၂၆၂၅၆၉

ဘယ်သူမှ မသိအောင်
တိတ်တိတ်ကလေး
ကျိတ်စုထားတဲ့ ပိုက်ဆံတွေ
ရှိနေတယ်မဟုတ်လား၊
ချစ်သူကို
အမှတ်တရပေးဖို့ပဲဖြစ်ဖြစ်
အိမ်က လေဒီကို
အမျက်ပြေအောင်ချော့ဖို့ပဲဖြစ်ဖြစ်
အလုပ်သွားနေတဲ့အိမ်ဦးနတ်ကို
အိမ်ပြန်အရောက်မှာ
အမောပြေစေဖို့ပဲဖြစ်ဖြစ်
စုထားတဲ့ပိုက်ဆံတွေနဲ့
လက်ဝတ်ရတနာဒီဇိုင်းလှလှ
ဈေးချိုချိုလေးတွေ ဝယ်ချင်တယ်ဆိုရင်
Jasmine Phyu ကို
ရောက်အောင်လာခဲ့နော်
အပြုံးတွေနဲ့ကြိုနေမယ်…

Jasmine Phyu
Gem & Jewellry Shop
No.56, Kabar Aye Pagoda Road,
Yankin Township, Yangon,
Myanmar.
Tel: 95-16-61762

ဒီမော့ဆိုမြို့ ပြည်သူ့ဆေးရုံ ဓာတ်မှန်စက်တပ်ဆင်နိုင်ရေး အလှူငွေပေးအပ်ပွဲ အခမ်းအနား

ရန်ကုန် ဩဂုတ် ၂၉

ကယားပြည်နယ် ဒီမော့ဆိုမြို့နယ် ပြည်သူ့ဆေးရုံဓာတ်မှန်စက် (TRANS FORMER) တပ်ဆင်နိုင်ရေး အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဇူလိုင်၂၈ရက် နံနက် ၁၁နာရီက မြို့နယ် ပြည်သူ့ဆေးရုံ ခန်းမ၌ကျင်းပရာ အခမ်းအနားမှူးအဖြစ် သူနာပြုဆရာမ ဒေါ်နော်ရီဖိုးက ဆောင်ရွက်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးထွန်းလှအောင်က အမှာစကား ပြောကြားသည်။ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစန်းလှိုင်က ဓာတ်မှန်စက် တပ်ဆင်နိုင်ရေးအတွက် လိုအပ်သော အချက်အလက်များကို ရှင်းလင်းတင်ပြသွားသည်။ အလှူရှင်များ ထံမှ အလှူငွေကျပ် ၁၉၅၀၀၀၀ကို မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာစန်းလှိုင်က လက်ခံသည်။

တက်ရောက်

ယင်းအခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းလှအောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

တည်းခိုခန်းများ စည်းကမ်းနှင့် အညီစစ်ဆေး

တမူး ဩဂုတ် ၂၉

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မှ အမှုဆောင်အရာရှိ ဦးမျိုးသန့်ခိုင်၏ ကြီးကြပ်မှုဖြင့် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ တည်းခိုနိုင်သည့် တည်းခိုခန်းများအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီဆောင်ရွက်ခြင်း ရှိမရှိနှင့် သန့်ရှင်းသပ်ရပ်စွာဆောင်ရွက် လုပ်ကိုင်ခြင်းရှိမရှိကို ဩဂုတ် ၂၇ ရက်က ဦးဟန်မင်းဆွေ (ဒုဦးစီးမှူး၊ အခွန်)နှင့် ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

(မြို့နယ်စည်ပင်)

ပြန်လည်ပေးအပ်

ဩဂုတ်၂၉ရက်က ကြည့်မြင်တိုင်ရဲစခန်း (ပ)၁၀၃၃/၂၀၀၈၊ ပြစ်မှုပုဒ်မ ၃၈၀ အမှုမှ မှုခင်းဖော်ထုတ် သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်း ရွှေအလေးချိန် ၁၄၂ ကျပ်သား ၁၃ပဲ ၂ရွေးနှင့် ငွေကျပ် ၅၆၃၀၀ စုစုပေါင်းငွေ ၈၂၉၇၂၅၀၄ ကျပ်အား မူလပိုင်ရှင်ထံ ပြန်လည်ပေးအပ်ပွဲကို ရန်ကုန်အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်ဦးက တရားလို ဦးလင်းထယ်ဝေထံ ပြန်လည်ပေးအပ်စဉ်။

(အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့)

ကမာရွတ် ရွှေမှုဆယ်အထည်ဆိုင်လူသတ်မှုတရားခံအား ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံးက ဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် (၈)ရပ်ကွက် လှည်းတန်းလမ်း အမှတ်၁၀၃(အေ)နေ ဒေါ်လှမြင့်သည် ဇူလိုင်၁၄ရက်က တိုက်ခန်းအလယ်၌ မှောက်လျက် လက်နှစ်ဖက်ကြိုးနောက်ပြန်တုပ်ထားပြီး နှာခေါင်းနှင့် ပါးစပ်တို့အား အဝတ်နှင့်စည်းကာ သေဆုံးနေသည်ကိုတွေ့ရှိပြီး ဆိုင်အတွင်းရှိ ရွှေ၊ ငွေ၊ ဗွီစီဒီစက်နှင့် အဝတ်စများ တန်ဖိုးငွေကျပ် ၉၁၀၀၀၀ခန့်မှာ ပျောက်ဆုံးနေသည်ကို တွေ့ရှိရသဖြင့် တူတော်သူ ကိုကြည်မင်းက ကမာရွတ်ရဲစခန်းသို့ တိုင်တန်းရာ ရဲစခန်းမှ (ပ)၁၅၄/၀၈၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂/၃၉၄အရ အမှုဖွင့်အရေးယူခဲ့ကြောင်း သိရသည်။

ဖမ်းဆီး

အမှုမှ ပြစ်မှုကျူးလွန်သူ တရားခံနှင့် သက်သေခံပစ္စည်းများအား ဖော်ထုတ်သိမ်းဆည်းနိုင်ရေးအတွက် ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက အခင်းဖြစ်အရပ်နှင့် အနီးပတ်ဝန်းကျင် အနေအထားများအားစစ်ဆေးပြီး စုံစမ်းဖော်ထုတ်ခဲ့ရာ ဩဂုတ်၂၇ရက် နံနက်၁၀နာရီတွင် ပြစ်မှုကျူးလွန်သူ ဝင်းလှ(၂၉)နှစ် (ဘ)ဦးကောင်းတင် အမှတ်၉၀၄ ဇေယျာသီရိ ၆လမ်း (၁၆)ရပ်ကွက် လှိုင်သာယာမြို့နယ်နေသူအား ရန်ကုန်တိုင်းရဲတပ်ဖွဲ့ မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိခဲ့သည်။

သိမ်းဆည်း

ဖမ်းဆီးရမိတရားခံ ဝင်းလှက ပြစ်မှုကျူးလွန်ကြောင်းဝန်ခံပြီး ရွှေမှုဆယ်ဆိုင်မှ ရယူခဲ့သော ဗွီစီဒီစက်ကို ရွှေဘုံသာလမ်းရှိ လမ်းဘေးဆိုင်တွင် ရောင်းချခဲ့ကြောင်း ထွက်ဆို၍ သိမ်းဆည်းရမိခဲ့ပြီးဖြစ်သည်။

ပြစ်မှုကျူးလွန်သူ တရားခံ ဝင်းလှအား ကမာရွတ်ရဲစခန်းမှ အမှုခိုင်မာစွာတည်ဆောက်၍ တရားစွဲတင်သွားရန် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရုပ်ရှင်နှင့် ဗီဒီယိုလောက ဖွံ့ဖြိုးတိုးတက်စေမည့် (၁/၂၀၀၈) သရုပ်ဆောင်သင်တန်းဆင်းပွဲ ကျင်းပ

သတင်းဆောင်းပါး- သူရညွန့် ဓာတ်ပုံမှတ်တမ်း- တင့်လွင်(လှိုင်သာယာ) စာမျက်နှာဖွဲ့စည်းမှု-ကျော့မောင်မောင်

ရန်ကုန် ဩဂုတ် ၂၉

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဖွင့်လှစ်ခဲ့သော ရုပ်ရှင်သရုပ်ဆောင်သင်တန်းများ၏ ထူးချွန်အောင်မြင်သည့် အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းအကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ယနေ့ရုပ်ရှင်နှင့် ဗီဒီယိုလောကအတွင်း သရုပ်ဆောင်များ ထပ်မံလိုအပ်မှုအရ အနာဂတ်အတွက် ထူးချွန်အောင်မြင်သော သရုပ်ဆောင်များ မွေးထုတ်ပေးရန်၊ သရုပ်ဆောင်ဖြစ်ရန် ဝါသနာကြီးသူများကို လူမှုရေးအရ၊ ငွေကြေးအရ၊ စိတ်ဓာတ်ရေးရာအရ အခွင့်အရေးယူ ကိုယ်ကျိုးရှာ အမြတ်ထုတ်နေသော ရုပ်ရှင်အနုပညာရှင်သမား အမည်ခံအချို့၏ အန္တရာယ်မှ အကာအကွယ်ပေးရန်ဟူသော ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဖွင့်လှစ်ခဲ့သော(၁/၂၀၀၈)သရုပ်ဆောင်သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၂၆ရက် နံနက် ၁၁နာရီခွဲက ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးခန်းမ၌ ကျင်းပခဲ့ပေသည်။

သင်တန်းဆင်းပွဲ မစတင်မီ နံနက် ၁၀နာရီတွင် (၁/၂၀၀၈)သရုပ်ဆောင် သင်တန်းသား သင်တန်းသူများ ပါဝင်သည့် ရန်ပုံငွေဗီဒီယိုဇာတ်ကားများ ကန်တော့ပွဲပေး အခမ်းအနားကို ကျင်းပခဲ့သည်။

ယင်းဗီဒီယိုဇာတ်ကားများမှာ ဝတ္ထု၊ ဇာတ်ညွှန်း-တက္ကသိုလ်ယဉ်ယဉ်လဲ့၊ ဒါရိုက်တာ အေဝမ်းသိန်းထွဋ်ရိုက်ကူးပြီး ခန့်စည်သူနှင့် သင်တန်းသား သင်တန်းသူများ ပါဝင်သရုပ်ဆောင်ထားကြသည့် **“တစ္ဆေမကြောက်သော ကျွန်တော်”**။

ပါဝင်သရုပ်ဆောင်ထား

ဝတ္ထု၊ဇာတ်ညွှန်း-ချစ်ဦးညို၊ ရိုက်ကွင်း/ဇာတ်ညွှန်း-နေစိုးသော်၊ ဒါရိုက်တာ မြင့်စိုး(ဝ/သ)ရိုက်ကူးပြီး လူမင်း၊ သဇင်နှင့် သင်တန်းသား သင်တန်းသူများ ပါဝင်သရုပ်ဆောင်ထားသည့် “ဦးဖွ”။

ဝတ္ထု-နေမင်းသူရိန်၊ ဇာတ်ညွှန်း-ပိုင်ဆု၊ ဒါရိုက်တာဟိန်းဇော်ရိုက်ကူးပြီး ရန်အောင်၊ ဟိန်းဝေယံ၊ မို့မို့မြင့်အောင်၊ မြင့်မြင့်ခိုင်၊ ဇော်ဦး၊ ညီကျော်၊ အောင်ဇော်မင်းနှင့် သင်တန်းသား သင်တန်းသူများ ပါဝင်သရုပ်ဆောင်ထားသည့်“လောဘတစ္ဆေ”ဇာတ်ကားများဖြစ်ကြသည်။

တွေ့ဆုံမေးမြန်း

သတင်းအဖွဲ့သည် (၁/၂၀၀၈) သရုပ်ဆောင်သင်တန်းဆင်းပွဲ မစတင်မီ မြန်မာနိုင်ငံ ရုပ်ရှင်အစည်း အရုံးမှ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

ချမှတ်ပေးခဲ့

ရှေးဦးစွာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးမြင့်သိန်းဖေနှင့် တွေ့ဆုံမေးမြန်းရာတွင် **“ပြန်ကြားရေး** ဝန်ကြီးဌာနဝန်ကြီး၏ မှာကြားချက်အရ ရုပ်ရှင်လောကသားများ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ရုပ်ရှင် လောကသားများအကျိုးအတွက် ဆောင်ရွက်ရမယ့် ရည်ရွယ်ချက်(၅)ရပ် ချမှတ်ပေးခဲ့ပါတယ်။ အဲဒီရည်ရွယ်ချက် (၅)ရပ် အနက် မြန်မာ့ရုပ်ရှင်နဲ့ ဗီဒီယိုလောက ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရမယ်။ ဇာတ်ကားတွေရဲ့ အရည်အသွေးထုတ်လုပ်မှု အဆင့်အတန်းမြင့်မားအောင်ကြိုးပမ်းရမယ်ဆိုတဲ့ အဓိကအချက်(၂)ချက် ရှိပါတယ်။”

“မြန်မာ့ရုပ်ရှင်နဲ့ ဗီဒီယိုလောကကို ပြန်သုံးသပ်ကြည့်တော့ အနုပညာရှင်၊ အတတ်ပညာရှင်တွေ ရှားပါးနေတာ တွေ့ရပါတယ်။ မျိုးဆက်သစ် အနုပညာရှင်တွေ များများမွေးထုတ်နိုင်မှ အဆင့်အတန်း မြင့်မားလာမယ်။ အဲဒီယုံကြည်ချက်နဲ့ ကျွန်တော်ဥက္ကဋ္ဌတာဝန် စတင်ထမ်းဆောင်တဲ့ အချိန်ကစပြီး အလေးထားဆောင်ရွက်ခဲ့ ပါတယ်။”

ဆက်ဖွင့်သွားမည်

“အခု သရုပ်ဆောင်သင်တန်းပြီးရင် ဒါရိုက်တာသင်တန်း၊ ကင်မရာ၊ မီး၊ စက်မှုသင်တန်း၊ တည်းဖြတ်သင်တန်း၊ ဇာတ်ညွှန်းရေးသင်တန်းတွေ ဆက်ဖွင့်သွားမှာဖြစ်ပါတယ်။”

“(၁/၂၀၀၈)သရုပ်ဆောင်သင်တန်းကို ပထမဆုံးအကြိမ် ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။ သရုပ်ဆောင်ပညာတတ်ရမယ်။ အရည်အချင်းပြည့်ဝတဲ့ သရုပ်ဆောင်ဖြစ်ရမယ်။ ဒါနဲ့တင် မလုံလောက်သေးပါဘူး။ ဒီကလေးတွေကို ရုပ်ရှင်လောကမှာ သုံးလာအောင် ဆောင်ရွက်ဖို့ တာဝန်ရှိပါတယ်။ ကလေးတွေကို လုပ်ငန်းရှင်တွေလက်ထဲအပ်မယ်။ ပါးစပ်နဲ့ပြောအပ်လို့မရပါဘူး။ သူတို့ဘယ်လောက်သရုပ်ဆောင်နိုင်တယ်ဆိုတာ ပြရမယ်။”

“သင်တန်းဆင်းပွဲမှာ ပြဇာတ်ကပြမယ်။ တေးသရုပ်ဖော်တွေ တင်ဆက်မယ်။ ရုပ်ရှင်အစည်းအရုံးက စိုက်ထုတ်ပြီး ဗီဒီယိုကားတွေရိုက်မယ်။ သူတို့ရဲ့အရည်အချင်းကို သုံးသပ်မယ်။ ထူးထူးခြားခြားဆောင်ရွက်ထားတာကတော့ ဒီသင်တန်းဆင်းပွဲမှာ ထုတ်လုပ်သူတွေကို ဖိတ်ကြားထားပါတယ်။ ကလေးတွေကို အပ်ပါမယ်။ မြေအုတ်တို့ပြိုတဲ့နေရာမှာ ကျောက်အုတ်တို့နဲ့ အစားထိုးသွားမှာဖြစ်ပါတယ်”ဟူ၍ ရှင်းပြသည်။

ထိုးဖောက်လာနိုင်

ဆက်လက်၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ(၃) စာရေးဆရာချစ်ဦးညိုနှင့်တွေ့ဆုံရာတွင် **“သရုပ်ဆောင်သင်တန်းကနေ မျိုးဆက်သစ် အနုပညာရှင်တွေ ပေါ်ထွက်လာမယ်။ ကလေးတွေရဲ့ရှိပြီးပင်ကို အနုပညာဓာတ်ခံအားတွေကို ဖော်ထုတ်ခွင့်ရမယ်။ မြန်မာ့ရုပ်ရှင်လောက တိုးတက်မြင့်မားဖို့ လူငယ်တွေ ပါဝင်ပူးပေါင်း ဆောင်ရွက်ကြခြင်းအားဖြင့် နိုင်ငံတကာကို ထိုးဖောက်လာနိုင်မှာ ဖြစ်ပါတယ်”**ဟု ပြောပြပါသည်။

သင်ကြားပို့ချ

ယင်းနောက်မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ (၁) (၁/၂၀၀၈) သရုပ်ဆောင်သင်တန်း သင်တန်းကြီးကြပ်မှုနှင့် သင်ကြားလေ့ကျင့်ရေးကော်မတီဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ခိုင်အား တွေ့ဆုံမေးမြန်းရာ၌ “(၁/၂၀၀၈)သရုပ်ဆောင် သင်တန်းကို ဧပြီလ၁ရက်က စတင် ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၆၁ဦး တက်ရောက်အောင်မြင်ခဲ့ပါတယ်။ သင်တန်းဆရာ ၅၉ဦးက အချိန်ပြည့် သင်ကြားပို့ချပေးခဲ့ပါတယ်။ သရုပ်ဆောင် ရှားပါးနေတဲ့အချိန်မှာ ရုပ်ရှင်သရုပ်ဆောင် ဖြစ်ချင်သူတွေကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ဆောင်ရွက်**ပေးသွားမှာဖြစ်ပါတယ်**”ဟု ရှင်းပြပါသည်။

တစိုက်မတ်မတ်ကြိုးပမ်း

တစ်ဖန် ရုပ်ရှင်သရုပ်ဆောင်သင်တန်းသားတစ်ဦးဖြစ်သည့် အောင်အောင်ဖြိုး (သရုပ်ဆောင် ဘုန်းမြတ်မော်)နှင့် တွေ့ဆုံမေးမြန်းရာတွင် **“ရုပ်ရှင်အနုပညာနှင့် ပတ်သက်၍ အခြေခံသိဖို့ ဒီသင်တန်းကို တက်ရောက်ခဲ့ခြင်းဖြစ်ပါတယ်။ အခြေခံသိမှ ရေရှည်အောင်မြင်မှုရမှာ ဖြစ်ပါတယ်။ သရုပ်ဆောင်ကောင်း တစ်ယောက်ဖြစ်အောင် တစိုက်မတ်မတ် ကြိုးပမ်းသွားပါမယ်”**ဟု ပြောပြပါသည်။

ဆက်လက်၍ သင်တန်းသူတစ်ဦးဖြစ်သည့် ယမင်းထွေးနှင့် တွေ့ဆုံမေးမြန်းရာတွင် **“အောင်မြင်ကျော်ကြားတဲ့ သရုပ်ဆောင်ကောင်းတစ်ယောက် ဖြစ်ချင်ပါတယ်။ ကျရာဇာတ်ရုပ်ကို ပီပီပြင်ပြင် သရုပ်ဆောင်နိုင်အောင် ကြိုးစားသွားပါမယ်။ ရုပ်ရှင်သင်တန်းမှာ ထူးချွန်ဆုရသလို အကယ်ဒမီဆု ဆွတ်ခူးနိုင်အောင် ကြိုးပမ်းသွားပါမယ်”**ဟု ပြောပြပါသည်။

သီချင်းခွေထုတ်ထား

ထို့နောက် သင်တန်းသူ အေသင်ချိုဆွေနှင့်တွေ့ဆုံရာတွင် **“နိုင်ငံကျော် သရုပ်ဆောင် အဆိုတော်ဖြစ်လိုပါတယ်။ ဖြစ်အောင်လည်း ကြိုးစားသွားပါမယ်။ ရဲလေး၊ ကြက်ဖတို့နဲ့တွဲပြီး စီဒီ၊ ဗွီစီဒီ၊ တိပ် သီချင်းခွေ ထုတ်ထားပါတယ်”**ဟု ဆိုပါသည်။

ကမ္ဘာကိုရင်ပေါင်တန်း

ယနေ့ မြန်မာပရိသတ်များသည် ကိုရီးယားရုပ်ရှင်ဇာတ်ကားများကို ကြိုက်ကြသည်။ ကိုရီးယားရုပ်ရှင်ဇာတ်ကားများသည် သရုပ်ဆောင်ကောင်းသည်။ ဇာတ်လမ်းဇာတ်အိမ် ခိုင်မာသည်။ စားဝတ်နေရေးဘဝနှင့် ရောမွှေရိုက်ကူးထားသဖြင့် လူကြိုက်များသည်။ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးက မွေးထုတ်ပေးလိုက်သော သရုပ်ဆောင်သင်တန်းသားမျိုးဆက်သစ်များသည် ကမ္ဘာကျော်ရုပ်ရှင်သရုပ်ဆောင်များကဲ့သို့ အတွေးအခေါ် အယူအဆများ တိုးတက်ပြီး ကမ္ဘာကို ရင်ပေါင်တန်းနိုင်သည့် မျိုးဆက်သစ်အနုပညာရှင်များ ဖြစ်ထွန်းပေါ်ပေါက်လာမည်၊ မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုလောက ဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်မိပါကြောင်း။ ။

(မြန်မာ့အလင်း)

(၁/၂၀၀၈) သရုပ်ဆောင်သင်တန်းဆင်းပွဲတွင် တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများအား အမှတ်တရ တွေ့ရစဉ်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးမြင့်သိန်းဖေ ရှင်းလင်းပြောကြားစဉ်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ(၁) (၁/၂၀၀၈) သရုပ်ဆောင်သင်တန်း သင်တန်းကြီးကြပ်မှုနှင့် သင်ကြားလေ့ကျင့်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ခိုင် ရှင်းလင်းပြောကြားစဉ်။

(၁/၂၀၀၈) သရုပ်ဆောင်သင်တန်းသား ဘုန်းမြတ်မော် ရှင်းလင်းပြောကြားစဉ်။

(၁/၂၀၀၈) သရုပ်ဆောင်သင်တန်းသူ အေသင်ချိုဆွေ ရှင်းလင်းပြောကြားစဉ်။

(၁/၂၀၀၈) သရုပ်ဆောင်သင်တန်းသူ ယမင်းထွေး ရှင်းလင်းပြောကြားစဉ်။

မြန်မာ့ရုပ်ရှင်နဲ့ဗီဒီယိုလောကကို ပြန်သုံးသပ်ကြည့်တော့ အနုပညာရှင်၊ အတတ်ပညာရှင်တွေ ရှားပါးနေတာ တွေ့ရပါတယ်။ မျိုးဆက်သစ် အနုပညာရှင်တွေ များများမွေးထုတ်နိုင်မှ အဆင့်အတန်း မြင့်မားလာမယ်။

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော မြို့ပတ်လမ်းနှင့် နတ်မောက်လမ်းဆုံ လမ်းဘေးဝဲယာ လမ်းသားချဲ့ခြင်း လုပ်ငန်းဆောင်ရွက်မှုကို ဩဂုတ် ၁၀ရက်က မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းစစ်ဆေးရာ မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ကျော်က လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဂန့်ဂေါ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် စပါးစိုက်စနစ် မှန်ကန်ရေး ညှိနှိုင်းစည်းဝေး

ဂန့်ဂေါ ဩဂုတ် ၂၄

ဂန့်ဂေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကျော်ခိုင်သည် မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးဝင်းဖေ၊ မြို့နယ်မြေစာရင်း ဦးစီးဌာနမှူး ဦးအေးမောင် တို့နှင့်အတူ ဇူလိုင် ၂၄ရက်မှ ၂၈ရက်အထိ ဂန့်ဂေါမြို့နယ် ပုံတောင် ပုံညာဒေသ ကျောနယ်မြေရှိ ကျေးရွာအုပ်စုခုနစ်စုသို့ သွားရောက် ကွင်းဆင်း၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ညှိနှိုင်းဆွေးနွေး

ထို့နောက် ကျေးရွာများရှိ တောင်သူလယ်သမားများ၊ ဒေသခံ ပြည်သူများနှင့် တွေ့ဆုံ၍ စံပြကျေးရွာထူထောင်ရေး၊ မိုးစပါးစိုက်ပျိုးမှုနှင့် မြေမှန်၊ မျိုးမှန်၊ စိုက်စနစ် မှန်ကန်ရေးအတွက် ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။ (၀၇၁)

တောင်ကြီး၌ ခရစ်ကက်နည်းပြ သင်တန်းဆင်း

တောင်ကြီး ဩဂုတ် ၂၀

မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ်က ကြီးမှူးဖွင့်လှစ်သည့် ခရစ်ကက် နည်းပြ သင်တန်း (Level O Cricket Coaching Coures) ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၆ရက် နံနက် ၈နာရီက တောင်ကြီးမြို့ ပြည်နယ်အားကစားပြိုင်ကွင်း အစည်းအဝေး ခန်းမ၌ ကျင်းပပြီး သင်တန်းဆင်းပွဲ အခမ်းအနားကို ဇူလိုင် ၁၈ရက် မွန်းလွဲ ၁နာရီက ပြည်နယ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အားကစားဝန်ကြီး ဌာနမှ ညွှန်ကြားရေးမှူး ဦးနော်တောင်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ခရစ်ကက်နည်းပြ Mr.Aminul Islam တို့က အမှာစကား ပြောကြားပြီး သင်တန်းဆင်းလက်မှတ်များနှင့် ခရစ်ကက်အားကစားပစ္စည်းများကို ပေးအပ်သည်။ **(အပေါ်ပုံ)**

သင်ကြားပို့ချ

အဆိုပါ ခရစ်ကက်နည်းပြ သင်တန်းသို့ ရှမ်းပြည်နယ် (တောင်ပိုင်း)မှ ၂၀၊ မန္တလေးတိုင်းမှ ၁၀ဦး တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ နည်းပြဆရာနှင့် အဖွဲ့ချုပ်မှ မြန်မာနည်းပြဆရာများက ဇူလိုင် ၁၅ရက်မှ ၁၈ရက်အထိ စာတွေ့လက်တွေ့ သင်ကြား ပို့ချပေးခဲ့ကြောင်း သိရသည်။ **(ပြည်နယ် အား/ကာ)**

ရှင်ဗွေယန်မြို့ သာယာရေး ပေါင်းမြက်များ ရှင်းလင်း ပန်းအလှပင်များစိုက်ပျိုး

ရှင်ဗွေယန် ဩဂုတ် ၂၂

ကချင်ပြည်နယ် ရှင်ဗွေယန်မြို့ သန့်ရှင်းသာယာလှပရေးအတွက် ဇူလိုင် ၂၈ ရက်က အဖွဲ့ရုံးဝင်း အတွင်းအပြင်သန့်ရှင်းရေး၊ ပျိုးဥယျာဉ်အတွင်း ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့် ပန်းအလှပင်များ ပျိုးထောင်ခြင်းလုပ်ငန်းတို့ကို မြို့တာဝန်ခံ ဦးဆန်းအောင် ကြီးကြပ်မှုဖြင့် အဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြသည်။ (၀၀၁)

စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များနှင့် အရိပ်ရပင်များ ပျိုးထောင်ထားမှုအခြေအနေကို ဇူလိုင် ၁၃ရက်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ကွင်းဆင်း စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ထူးချွန်ကျောင်းသား ကျောင်းသူများ မလှိုင်၌ ဆုချီးမြှင့်

မလှိုင် ဩဂုတ် ၂၄

မလှိုင်မြို့နယ်ပညာရေး ကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် တတိယ အကြိမ်မြောက် ထူးချွန်ဆုရကျောင်းသား ကျောင်းသူများ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၇ ရက်က မလှိုင်မြို့ ပန်းလှိုင်ရွှေဝါခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမျိုးသန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးဒေါ်ခင်ယဉ်က အောင်ချက်ရာနှုန်းမြင့်မားရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ဘာသာစုံဂုဏ်ထူးရှင် သုံးဦး၊ ငါးဘာသာဂုဏ်ထူးရှင်လေးဦး၊ လေးဘာသာဂုဏ်ထူးရှင် လေးဦး၊ သုံးဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၀ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင်၂၅ ဦး စုစုပေါင်း ဂုဏ်ထူးရှင် ၅၄ ဦးတို့အား မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမျိုးသန်းနှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြသည်။

အဆိုပါနေ့က ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအပြင် အားကစားထူးချွန်သူများ၊ (၁၅)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် တိုင်း၊ ခရိုင်အဆင့် ဆုရသူများနှင့် အောင်ချက်အမြင့်မားဆုံးကျောင်းများ အပါအဝင် ဆုများချီးမြှင့်မှုမှာ စုစုပေါင်း တန်ဖိုးငွေကျပ် ၂၄ သိန်းခန့်ဖြစ်ကြောင်း သိရသည်။ (၀၈၂)

အရိပ်ရပင်များ ဖယ်ခုံမြို့၌ စုပေါင်းစိုက်ပျိုး

ဖယ်ခုံ ဩဂုတ် ၁၈

ဖယ်ခုံမြို့ ပြည်ထောင်စုလမ်းမကြီးဘေး ဝဲယာတစ်လျှောက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရုံးဝန်ထမ်းများစုပေါင်း၍ အရိပ်ရပင်စိုက်ပျိုးနေမှုကို ဇူလိုင်၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးတင်ဆူးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ကျော်သူတို့ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးလုပ်ငန်းဖြစ်သော ပျိုးဥယျာဉ်အတွင်း ပျိုးပင်များပျိုးထောင်ထားရှိမှုကို ဩဂုတ် ၁၂ရက်က မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းဘိုကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးသန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မိုးသွင်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

၂၀၀၇-၂၀၀၈ ပညာသင်နှစ် နှစ်ပတ်လည်ဆုပေးပွဲကို လှိုင်သာယာ မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အလက(၃)ကျောင်းရှိ ပညာ့ဗိမာန်ခန်းမ၌ ဩဂုတ် ၁၆ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လေးက တက္ကသိုလ်ဝင်တန်း ခြောက်ဘာသာ ဂုဏ်ထူးရှင် မောင်မျိုးမြင့်အောင်အား ဆုချီးမြှင့်စဉ်။ (၁၂၉)

သမဝါယမအသင်းသား တောင်သူများသို့ မိုးစပါးစိုက်ပျိုးစရိတ် ကျောက်ဆည်၌ထုတ်ချေး

ကျောက်ဆည် ဩဂုတ် ၂၅

ကျောက်ဆည်မြို့နယ် ပနန်၊ပန်းခွာ ကျေးလက်ဒေသရှိ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက် ခြောက်သင်းတို့မှ သမဝါယမအသင်းသား တောင်သူများသို့ သမဝါယမ ဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် ၂၀၀၈ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ်ထုတ်ချေးခြင်းကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက ပနန်ကျေးရွာ ရွာလယ်မဏ္ဍပ်၌ ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်သန်းနှင့် ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ထို့နောက် သမဝါယမအသင်းသား တောင်သူ ၆၁၁ဦးသို့ တစ်ဧကလျှင် ငွေကျပ် ၂၀၀၀နှုန်းဖြင့် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေပေါင်း ကျပ်၅၀၁၄၀၀၀၀ ကို ထုတ်ချေးပေးကြောင်း သိရသည်။

(မြို့နယ်စာပေနှင့်စာနယ်ဇင်း)

နွားထိုးကြီးမြို့၌ မိုးစပါးလျာထားချက် ပြည့်ဝရေးစည်းဝေး

နွားထိုးကြီး ဩဂုတ် ၂၄

နွားထိုးကြီးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် ကျေးရွာ၊ ရပ်ကွက်၇၀တို့မှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လပတ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၃ရက်က မြို့နယ်စုပေါင်းရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်က မိုးစပါးလျာထားချက် အပြည့်အဝ စိုက်ပျိုးရေး၊ ကြက်ဆူပင် သတ်မှတ်စီမံကိန်းအတိုင်း စိုက်ပျိုးရေးနှင့် မန္တလေးတိုင်း လေးလပတ် အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။ (၀၉၂)

ရေနံချောင်းမြို့ အထက(၁)တွင် ဆောက်လုပ်လျက်ရှိသော ရွှေပါရမီကျောင်းဆောင်သစ်အတွက် ဘာမင်နီယာဦးလှအောင်၊ ဒေါ်ချောတို့အား အမှူးထား၍ ရေနံချောင်းမြို့ ရွှေဘုံသာရပ်နေ ဦးသန်းမြင့်၊ ဒေါ်ခင်မျိုးမြင့်က ငွေကျပ်တစ်သိန်းကို ရွှေပါရမီဆောင် ဖြစ်မြောက်ရေးအဖွဲ့နာယက ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (ပညာရေး)

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်
★ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်
★ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တစ်ဧက တင်း၂၀၀ အထူးအထွက်ကောင်းစပါး (Hi-Yield) စံပြဧက ၃၀ စိုက်ခင်း၏ ဓာတ်မြေဩဇာကြဲပက်ပွဲ၊ ရွက်ဖျန်းအားတိုးဆေးပက်ဖျန်းပွဲ၊ ခေတ်မီကောက်စိုက်စက်ဖြင့် စိုက်ပျိုးပွဲ၊ အရည်အသွေးကောင်းစပါးမျိုး (Quality Rice) သုံးမျိုးကို သိပ္ပံနည်းကျ ပျိုးခင်း၌ မျိုးစေ့ချပွဲနှင့် ကောက်ကွက်ပြည့်မီရေး စွမ်းရည်ပြိုင်ပွဲတွင် ခေတ်မီကောက်စိုက်စက်များဖြင့် လက်တွေ့သရုပ်ပြ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

သိပ္ပံနည်းကျမျိုးစေ့ချပွဲနှင့် ကောက်ကွက်ပြည့်မီရေး စွမ်းရည်ပြိုင်ပွဲများ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၂၉

တစ်ဧက တင်း၂၀၀ အထူးအထွက်ကောင်းစပါး (Hi-Yield) စံပြဧက ၃၀စိုက်ခင်း၏ ဓာတ်မြေဩဇာကြဲပက်ပွဲ၊ ရွက်ဖျန်းအားတိုးဆေးပက်ဖျန်းပွဲ၊ ခေတ်မီကောက်စိုက်စက်ဖြင့် စိုက်ပျိုးပွဲ၊ အရည်အသွေးကောင်းစပါးမျိုး (Quality Rice) သုံးမျိုးကို သိပ္ပံနည်းကျ ပျိုးခင်း၌ မျိုးစေ့ချပွဲနှင့် ကောက်ကွက်ပြည့်မီရေး စွမ်းရည်ပြိုင်ပွဲကို ယနေ့နံနက် ၈နာရီတွင် နေပြည်တော်ပျဉ်းမနားမြို့နယ် သစ်တပ်ကျေးရွာအနီး၌ ကျင်းပရာ ရှေးဦးစွာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် တစ်ဧက တင်း၂၀၀ အထူးအထွက်ကောင်းစပါး (Hi-Yield) စံပြဧက ၃၀ စိုက်ခင်း၌ ဓာတ်မြေဩဇာကြဲပက်ခြင်းနှင့် ရွက်ဖျန်းအားတိုးဆေး ပက်ဖျန်းနေခြင်းတို့ကို ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ခေတ်မီကောက်စိုက်စက်များဖြင့် လက်တွေ့သရုပ်ပြ စိုက်ပျိုးနေမှု၊ တစ်ဧက ကောက်ပင်တစ်သိန်းခြောက်သောင်း ကောက်ကွက်ပြည့်မီရေးအတွက် ကောက်စိုက်လုံမေများ၏ ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ၊ အရည်အသွေးကောင်းစပါးမျိုး (Quality Rice) သုံးမျိုးကို သိပ္ပံနည်းကျ ပျိုးခင်းမျိုးစေ့ချပျိုးထောင်မှုတို့ကို ကြည့်ရှုအားပေးကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❒

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဥရောပ အကောင်းဆုံးဘောလုံးသမားဆု စီရိုနယ်ဒို ဆွတ်ခူး

မိုနာကို ဩဂုတ် ၂၉

၂၀၀၇-၂၀၀၈ ဘောလုံးရာသီ၏ ဥရောပ အကောင်းဆုံးဘောလုံးသမားဆုချီးမြှင့်ပွဲကို ပြင်သစ်နိုင်ငံ အရှေ့တောင်ပိုင်း မိုနာကို၌ ဩဂုတ်၂၉ရက်က ကျင်းပရာ ပေါ်တူဂီနှင့် မန်ယူ တောင်ပံကစားသမား စီရိုနယ်ဒိုက ဆွတ်ခူးရရှိသွားသည်။

အကောင်းဆုံးတိုက်စစ်မှူး

စီရိုနယ်ဒိုသည် ပြီးခဲ့သည့် ဘောလုံးရာသီ၌ မန်ယူအတွက် ချန်ပီယံလိဂ်နှင့် ပရီမီယာလိဂ်တို့၌ စုစုပေါင်း ၄၂ဂိုး သွင်းယူပေးနိုင်ခဲ့သူ ဖြစ်သည်။ ထို့အတူ မန်ယူအတွက် ချန်ပီယံလိဂ်ဖလား ရယူပေးနိုင်ခဲ့ရာတွင် တစ်ဦးတည်း ရှစ်ဂိုးသွင်းယူနိုင်ခဲ့သည်ဖြစ်ရာ ဥရောပ တစ်နှစ်တာအကောင်းဆုံးတိုက်စစ်မှူးအဖြစ်လည်း အရွေးခံခဲ့ရသည်။

ထို့အတူ နေရာအလိုက် အကောင်းဆုံးဘောလုံးသမားဆုများကို ယူအီးအက်ဖ်အေက ချီးမြှင့်ခဲ့ရာတွင် ချယ်လ်ဆီးကစားသမား သုံးဦးဖြစ်သော ဂိုးသမား ပီတာချက်၊ နောက်တန်းအကောင်းဆုံးဆုကို ဂျွန်တယ်ရီ၊ အလယ်တန်းအကောင်းဆုံးဆုကို ဖရန့်လမ်းပတ်တို့က ရရှိခဲ့ကြသည်။ အဆိုပါဆုများကို ယူအီးအက်ဖ်အေဥက္ကဋ္ဌ ပလာတီနီက ချီးမြှင့်ပေးအပ်ခဲ့သည်။ **(အင်တာနက်)**

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

အမုန်စင်စစ် ပြည်သူတစ်ရပ်လုံးက နယ်ချဲ့ကို အသေမုန်းပြီးသား ဖြစ်သည်။ သူ့ကျွန်ဘဝသို့ မည်သည့်ပုံစံနှင့်မျှ ပြန်မရောက်လိုကြ။ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးကိုသာ အလေးထားပြီး နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ကိုမေလအတွင်းက ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းဖြင့် ထောက်ခံအတည်ပြုပေးခဲ့ပြီးလည်း ဖြစ်သည်။

ဓာတ်ဆရာမောင်ကျောက်ဒိုး၏ ဆောင်းပါး စာ - ၁၀